# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ တနင်္လာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၀၅)


## ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်များစွာ မွေးထုတ်နိုင်ရေး ဆက်လက်အားပေးဆောင်ရွက်သွားကြရန်နှင့် ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွဲညီညီ ပါဝင်ဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ**
**၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့**
**ပေးပို့သည့် သဝဏ်လွှာ**

( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများ ခင်ဗျာ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သပါသည်။ ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ ဆရာ ဆရာမများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသည့်ခမ်းနားထည်ဝါ မြင့်မြတ်လှသော ဂုဏ်အင်္ဂါအနန္တတို့ကို မော်ကွန်းတင်ချီးမြှောက်သည့် ကျက်သရေမင်္ဂလာနှင့် ဝေဖြာ ထူးမြတ်လှသော ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာအနှံ့ကျင်းပခဲ့ပြီး ဆရာတို့၏ ကောင်းမြတ်သော ဂုဏ်သတင်းကို ချီးမွမ်းထောမနာ ပြုခဲ့ကြသည်မှာ ၃၃ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး အမိမြန်မာနိုင်ငံရှိ တာဝန်ရှိသူများနှင့် မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာကြိုဆို

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊

စာမျက်နှာ ၄ ကော်လံ ၁ ❍





### လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ငါးခုနှင့်ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌

စာမျက်နှာ ၇ ကော်လံ ၁ ◆

**နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ**

ပြည်တွင်းသတင်း | စာ ၇

### တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၄

မြန်မာနိုင်ငံအတွင်းဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်ပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင်

စာမျက်နှာ ၇ ကော်လံ ၁ ✪



### အလုံ့ကျစနစ်ဖြင့် ဓာတ်အား ဖြန့်ဖြူးမည့် အစီအစဉ်အား မိဘပြည်သူများသို့ အသိပေးကြေညာ

နေပြည်တော် အောက်တိုဘာ ၄

ယခုအခါ မုတ်သုံလေဆုတ်ခွာပြီး မိုးရာသီကာလကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့အပြင် ပြင်းထန်အယ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုများကြောင့် နိုင်ငံအတွင်း အပူချိန်သိသာစွာ မြင့်မားလာပြီး ဓာတ်အားသုံးစွဲမှုများ မြင့်တက်ကာ ဓာတ်အားလိုအပ်ချက် တိုးတက်မြင့်မားလျက်ရှိပါသည်။

ယခုနှစ် နွေရာသီတွင် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၏ ရေလှောင်တမံများတွင် ရေခန်းခြောက်မှု ပိုမိုနိုင်ကြောင်းမျှော်မှန်း၍ လာမည့် ၂၀၂၇ ခုနှစ် မိုးရာသီကာလအထိ တမံများ၏ ရေသိုလှောင်ထားမှုပမာဏအား ထိန်းညှိပြီး လျှပ်စစ်ဓာတ်အား

စာမျက်နှာ ၇ ကော်လံ ၅ ■

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၄ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

*✻ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတွင်လည်း ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှစ၍ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၂၄ နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။ ဆရာ ဆရာမများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို အစဉ်ပြုစုပျိုးထောင်ပေးနေကြသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို ပညာဖြင့် ခေတ်အဆက်ဆက်သယ်ပိုးထမ်းရွက်ခဲ့ကြသည့် ဆရာ ဆရာမများ၏ စွမ်းရည်စွမ်းပကားကို လေးစားဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာဟူသည် လူအများကို ဉာဏ်ပညာအလင်းဆောင်ကြဉ်းပေးပြီး လောဘကင်းအောင် လမ်းပြနိုင်သူ၊ ဒေါသကို ဖြေဖျောက်နိုင်ပြီး သည်းခံခွင့်လွှတ်တတ်အောင် လေ့ကျင့်သင်ကြားပေးသူ၊ မောဟ အမိုက်အမှောင်ကို ဖယ်ရှား၍ လမ်းမှန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်သူ ဖြစ်ပါသည်။ **“ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု”** ဟူသည့် နာယကဂုဏ် (၆)ပါးနှင့် ပြည့်စုံပြီး **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသည့် ကျင့်ဝတ်ငါးဖြာနှင့်အညီ အာစရိယဂိုဏ်းဝင် ကျေးဇူးရှင်များ ဖြစ်ပါသည်။ ထို့ပြင် ကြားမြင်သုတရှိခြင်း၊ အတတ်ပညာပြည့်ဝခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မှန်ကန်၍ အကျိုးရှိသော စကားကိုသာ ဆိုတတ်ခြင်း စသည့်ဂုဏ်အရည်အချင်းတို့နှင့်လည်း ပြည့်စုံသူများ ဖြစ်ကြပါသည်။

ဆရာတို့၏ မွန်မြတ်သောဂုဏ်ကို မဃဒေဝလင်္ကာတွင် **“ရှေးရှုမေတ္တာကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့”** ဟု ချီးကျူးဖွဲ့ဆိုထားပါသည်။ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ဒြပ်တစ်ခုအဖြစ် အနန္တောအနန္တဂိုဏ်းဝင် အာစရိယ ဆရာသခင်ကျေးဇူးရှင်တို့ကို ဂါရဝတရား၊ နိဝါတတရား ဦးထိပ်ထား၍ ရှေးပဝေသဏီကပင် ရိုးရာအစဉ်အလာဖြင့် လေးစားရိုသေ ပူဇော်ကန်တော့ခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာ ခိုင်မြဲခဲ့ပြီဖြစ်ပါသည်။

ဆရာဟူသော ဝေါဟာရသည် **“ဆာယာ”** ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာပြီး **“လုံခြုံအေးမြခြင်းကို ပေးစွမ်းသည့် အရိပ်”** ဟု အဓိပ္ပာယ်ရပါသည်။ မြန်မာအဘိဓာန်တွင်လည်း **“ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသသူ”** ဟု ဖွင့်ဆိုထားပါသည်။ လောကီ၊ လောကုတ် အကျိုးတိုးပွားစေသည့် ပညာရပ်အထွေထွေကို ဆရာများထံမှသာ နည်းနာခံယူ ဆည်းပူးကြရသည်ဖြစ်ရာ ဤလောက မြေမဟီတွင် ဆရာနှင့်ကင်းသောသူ၊ ဆရာမရှိသောသူဟူ၍ မရှိနိုင်ပါ။

ဆရာများသည် **“စာကိုလည်းသင်၊ လူလည်းပြင်”** ဆိုသည့်အတိုင်း မိမိတို့၏ တပည့်များကို ရင်ဝယ်ဖြစ်ခြားမွေးသည့် သားသမီးရင်းချာကဲ့သို့ ကျောသား၊ ရင်သား မခွဲခြားဘဲ စာပေထူးချွန်ရုံသာမက အသိပညာ၊ အတတ်ပညာ ပြည့်ဝအောင် သင်ကြားပေးကြရပါသည်။ **“ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား”** ဟူသည့် မြန်မာ့စိတ်ထားကို စိတ်သန္တာန်တွင် စိမ့်ဝင်ကိန်းအောင်းစေရန်ကိုလည်း သွန်သင်ဆုံးမပေးကြပါသည်။ တပည့်များ၏ အနာဂတ်ဘဝ တိုးတက်မြင့်မားပြီး တန်ဖိုးမြင့်လူသားကောင်းများအဖြစ် လူမှုအသိုက်အဝန်းကိုအကျိုးပြုနိုင်ရေး လမ်းညွှန်ပြသပေးကြရပါသည်။ နိုင်ငံ့မျိုးဆက်သစ်များကို ထူးချွန်ထက်မြက်သည့် လူကောင်းလူတော်ဖြစ်လာစေရန်၊ အတ္တ ပရ မျှတ၍ လူမှုရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။ ထို့ကြောင့် ဆရာများသည် **“ပညာရေး၏ နှလုံးသား၊ အနာဂတ်၏ ပဲ့ကိုင်ရှင်၊ နိုင်ငံ၏ အဓိကမဏ္ဍိုင်”**ပင် ဖြစ်ပါသည်။

စာသင်ခန်းများသည် နိုင်ငံ၏ အနာဂတ်ကို ထုဆစ်ပုံဖော်ရာ နေရာများဖြစ်ပြီး ဆရာများသည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် ရှေ့ဆောင်လမ်းပြများ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်နေသဘောထားကောင်းမွန်မှန်ကန်ပြီး ဆရာကျင့်ဝတ်နှင့်ပြည့်စုံသည့် ဆရာကောင်း၊ ဆရာမွန် များစွာလိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၁ ရာစု ပညာခေတ်တွင် သိပ္ပံနှင့် နည်းပညာပြိုင်ဆိုင်မှု အားကောင်းလာသည့် ယနေ့ ကမ္ဘာ့အခင်းအကျင်းနှင့် လိုက်လျောညီထွေ ပါဝင်နိုင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရေးအဆင့်အတန်းတစ်ခု ဖြစ်ပေါ်လာစေရန် ဆရာများ၏ အခန်းကဏ္ဍနှင့် အခွင့်အရေးများကို တန်းတူညီမျှ မြှင့်တင်ပေးလျက် ရှိပါသည်။ ပညာရေးကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ခိုင်မာစွာအုတ်မြစ်ချခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆရာများ၏ အသံကို အလေးထားပြီး ဆရာများ၏ လူမှုဘဝအဆင်ပြေကောင်းမွန်စေရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါသည်။ အထူးသဖြင့် ဒီဂျစ်တယ်စွမ်းရည်များ၊ သုတေသနအခြေပြုသင်ကြားနည်းများ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက် ရှိပါသည်။

နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပြီး အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာနှင့် သုတေသန စသည့်ကဏ္ဍစုံ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံအတွင်း အကြားအလပ်မရှိ အပြည့်အဝ ရရှိခံစားနိုင်ရန် အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးလျက် ရှိပါသည်။ ကျောင်းသားလူငယ်များကို တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဟု ယုံကြည်ခံယူထားပြီး အခြေခံပညာကျောင်းများကို Smart School များ ဖြစ်စေရေး၊ တက္ကသိုလ်ကောလိပ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝသည့်သင်ယူမှု ဝန်းကျင်ကောင်းများ ဖြစ်စေရေး အားပေးမြှင့်တင်သွားမည် ဖြစ်ပါသည်။

ဆရာများအား လစာအပြင် ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခြင်း၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးခြင်း၊ ပြည်တွင်း ပြည်ပ ပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ ထူးချွန်ထက်မြက်သည့် ပညာရေးမိသားစုဝင် သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဆရာများ၏ ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် ထူးချွန်ဆရာများကို စိစစ်ရွေးချယ်ပြီး နှစ်စဉ်ဂုဏ်ပြုချီးမြှောက်ပေးလျက်ရှိပါသည်။ ထို့ပြင် ဆရာများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင်အခြေအနေများ သာလွန်ကောင်းမွန်လာစေရေးတို့ကိုလည်း ဆက်လက်ဖော်ဆောင်ပေးသွားမည် ဖြစ်ပါသည်။

**“တိုင်းပြည်တည်ငြိမ်အေးချမ်းရေး”**နှင့် **“နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး”** တို့ကို ဦးစားပေးရည်မှန်းချက်နှစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်ဖော်ဆောင်နေချိန်တွင် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားပြီး ငြိမ်းချမ်းရေး အခြေခံအသိရှိသော ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များသည် နိုင်ငံ့အတွက် စွမ်းအားမြင့်သည့် အားအင်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားပညာရေးစနစ်၏ ပင်မထောက်တိုင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး အသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးရန် တာဝန်ရှိပါသည်။ ပညာရေး၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** ဆိုသည့်အတိုင်း မိမိတို့၏ တပည့်များကို စည်းကမ်းကောင်းမွန်ပြီး ဥပဒေကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လည်း လိုအပ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး နိုင်ငံနှင့် ပညာရေးအပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်ရန် အရေးကြီးပါသည်။

ဆရာဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသား လူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာ ပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီးလေ့လာထားရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း အသိပေးမှာကြားလိုပါသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်စေရေး၊ ကျောင်းထွက်နှုန်းလျော့ကျစေရေး၊ နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင် သင်ယူနိုင်စေရေး၊ အဆင့်မြင့်ပညာတက်ရောက်နေသူများကို ပြီးဆုံးအောင် သင်ကြားကြစေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူခွင့်ရရှိနိုင်စေရေးတို့သည် ပညာရေးဌာနနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဦးလည်မသုန် ထမ်းရွက်ကြပါရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍတိုးမြှင့်လာစေရေးအတွက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသစ်ကို ပြင်ဆင်ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်များစွာ မွေးထုတ်နိုင်ရေး ဆက်လက်အားပေး ဆောင်ရွက်သွားကြရန် အရေးကြီးပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဆရာများသည် **“ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးဖြစ်သည်”**ဟူသောထုံးကို နှလုံးမူခံယူပြီး ပညာ၏ အနှစ်သာရအမှန်ကို နက်ရှိုင်းစွာနားလည်သဘောပေါက် ခံယူထားကြသူများ ဖြစ်ကြပါသည်။ မိမိတို့၏ တပည့်များအပေါ် ပညာတတ်စေလိုသော စေတနာ၊ လိမ္မာယဉ်ကျေးစေလိုသော မေတ္တာ၊ ကြင်နာသနားတတ်သော ကရုဏာများဖြင့် ဆုံးမသွန်သင်ပဲ့ပြင်တတ်သော အာစရိယဆရာ၊ ဥပဇ္ဈာယ်ဆရာများဖြစ်ထိုက်သည့် အရည်အသွေးများ ပြည့်ဝအောင် ကျင့်ကြံသွားကြရမည် ဖြစ်ပါသည်။ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များအတွက် အမြင်ကျယ်ကျယ် ရှုမြင်မြော်တွေးနိုင်စွမ်းရှိသည့် ပင်ကိုအသိ၊ ဆင်ခြင်ဉာဏ်သတိများကို နှလုံးအိမ်တွင် ထာဝစဉ်ရှင်သန်အောင် မွေးမြူသွားကြရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့်

- ပညာ့ပန်းဥယျာဉ်တွင် အရောင်အသွေးစုံလင်လှပသည့်ပန်းများ ငြိမ်းချမ်းစွာပွင့်လန်းနိုင်အောင် အကောင်းဆုံးပုံဖော်ဖန်တီးနိုင်သည့် ဥယျာဉ်မှူးများ ဖြစ်ကြပါစေ၊
- ပညာရိပ်မြုံတွင် မွေ့လျော်ပျော်ပိုက်သည့် အဖိုးထိုက်ရတနာ ပညာတတ်လူကောင်းလူတော်များစွာကို မွေးထုတ်ပေးနိုင်ကြပါစေ၊
- ပညာပါရမီရင့်သန်ပြီး ဂုဏ်သတင်းကောင်းဖြင့် နိုင်ငံ့ပုံရိပ်နှင့်ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ကြပါစေ၊
- ဆရာ ဆရာမများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပညာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီး ကောင်းကျိုးအရာရာ ပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ**
**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

❍ ရှေ့ဖုံးမှ

စစ်ရေယာဉ်(ဆင်ဖြူရှင်) တို့ဖြင့် စက်တင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့သည်။ အဆိုပါ စစ်ရေယာဉ်များသည် မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့ပြီး ထိန်းသိမ်းခံမြန်မာနိုင်ငံသားများအား မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက် စက်တင်ဘာလ ၂၉ ရက် ညပိုင်းတွင် ပြန်လည်ခေါ်ဆောင်လာခဲ့ရာ ရန်ကုန်မြို့၊ အမှတ်(၃)ဆိပ်ခံတံတား (သီလဝါ)သို့ ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် ဆိုက်ကပ်ရောက်ရှိခဲ့ပြီး အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။

ထိုသို့ သွားရောက်ခေါ်ဆောင်ခဲ့စဉ်အတွင်း စစ်ရေယာဉ်မှတာဝန်ရှိသူများက အမိမြေမှ ပြည်ပနိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား နွေးထွေးစွာကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် ကြိုက်နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အောက်တိုဘာလ ၁ ရက်၊ နံနက်ပိုင်းတွင် စစ်ရေယာဉ်များ အမိမြန်မာပြည် မြန်မာ့ရေပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်၌ မိခင်နိုင်ငံရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မောင်ရင်းနှမ၊ မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကိုတွေ့မြင်ရပြီး ပြန်လည်ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသောမေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်ကကူညီဆောင်ရွက်ပေးခဲ့သော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့၊ အမှတ်(၃)ဆိပ်ခံတံတား(သီလဝါ) ဆိပ်ကမ်းသို့ရောက်ရှိချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး နေ့လယ်စာ ကြက်ဆီထမင်း၊ မုန့်နှင့် စားသောက်ဖွယ်ရာများကိုကျွေးမွေးကာ ဒေသများအလိုက် အသင့်စောင့်ဆိုင်းနေသော မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ ခေတ္တနားခိုရန် အသင့်စီစဉ်ထားသော စုရပ်နေရာများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံရေးဆောင်ရွက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များထံသို့ စနစ်တကျလွှဲပြောင်းပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တာဝန်ရှိသူများက တိုင်းဒေသကြီး/ပြည်နယ်များအလိုက် UID Card များဆောင်ရွက်ပေးလျက်ရှိသည်။ နေရပ်ဝေးကွာသူများအား ၎င်းတို့၏ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံး ပြန်လည်တွေ့ဆုံနိုင်ရေးနှင့် နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်၍ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား (၁၉၀၅) ဦးအား ၂၀၂၆ ခုနှစ်အတွင်း ဇန်နဝါရီလမှ စက်တင်ဘာလအထိ တပ်မတော်လေယာဉ်၊ ဝင်းလုံးငှားလေယာဉ်များဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ၊ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား (၂၆) ဦးအား ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် လည်းကောင်း၊ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား(၁၀၈၆)ဦးအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် တပ်မတော်ရေယာဉ်များဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသား(၈၀၄၁)ဦးအား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ လေယာဉ်များဖြင့်လည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့သည့်အပြင် ယခုအခါ မလေးရှားနိုင်ငံမှ ခေါ်ဆောင်ရန်ကျန်ရှိနေသေးသော မြန်မာနိုင်ငံသား(၁၄၇၆)ဦးကိုလည်း လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရအဖွဲ့များ ညှိနှိုင်းကာ ယခုကဲ့သို့ မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။


မလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများ အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိမှုအား တွေ့ရစဉ်။



မလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများ အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိမှုအား တွေ့ရစဉ်။

**စိတ်အေးချမ်းသာဝမ်းမြောက်လျက်ရှိ**

နိုင်ငံတော်သမ္မတကြီး၏ အမိအဖပမာ ကြီးမားသောမေတ္တာတရား၊ တပ်မတော်၏ မွန်မြတ်ခိုင်ကျည်သော လုံ့လအားထုတ်မှု၊ တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပြည့်ဝသောစေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ အမိမြန်မာနိုင်ငံနှင့်ဝေးကွာပြီး ဘေးဒုက္ခများခံစားနေရသော ပြည်ပရောက်မြန်မာနိုင်ငံသားများအတွက် အိမ်အပြန်ခရီးကို အောင်မြင်စွာဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး မိသားစုများနှင့် အမြန်ဆုံး ပြန်လည်ပေါင်းစည်းနိုင်တော့မည်ဖြစ်၍ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် ကြည်နူးမှုပီတိမျက်ရည်များဖြင့် စိတ်အေးချမ်းသာရွှင်လန်းဝမ်းမြောက်လျက်ရှိကြကြောင်း သိရှိရပါသည်။

**ဂုဏ်သိက္ခာရှိသည့်လူနေမှုဘဝများ ရရှိကြမည်**

လက်ရှိအချိန်တွင် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် နိုင်ငံတော် အစိုးရအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည်ကာ ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ယခုထက်ပိုမိုမြှင့်တင်နိုင်ပြီး ဂုဏ်သိက္ခာရှိ၍ လုံခြုံစိတ်ချရသည့်လူနေမှုဘဝများ ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေးဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပသို့ တရားမဝင်ထွက်ခွာခြင်းများကို မပြုလုပ်ကြရန်၊ ပတ်ဝန်းကျင်စည်းရုံးမှုများကို အယုံကြည်လွယ်၍ လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲတွေ့ကြုံလာပါက မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် အမိနိုင်ငံသို့ အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





မလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများအား စစ်ရေယာဉ်များပေါ်၌ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခဲ့မှုအား တွေ့ရစဉ်။

# လူငယ်တစ်ဦးအနေနဲ့ ကျေးဇူးဆိုတဲ့တန်ဖိုးကို သိပါတယ်။ ကျွန်မတို့ မိဘတွေ မလုပ်ပေးနိုင်တဲ့အရာကို လုပ်ဆောင်ပေးခဲ့တဲ့ နိုင်ငံ့အကြီးအကဲတွေကို ဒီကနေ ဦးခိုက်ပါတယ် . . .

မထက်ထက်အောင်(တမူးမြို့)

**မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စက်တင်ဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ တပ်မတော်(ရေ)နှင့် တာဝန်ရှိသူများဦးဆောင်၍ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်)တို့ဖြင့် မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၄၇၆ ဦးတို့ကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။**


ကိုသိန်းငွေး


ဦးရဲပိုင်


မထက်ထက်အောင်


ကိုဇော်လင်းအောင်


ဗိုလ်ချုပ်ကျော်လင်းဇော်


ဦးသန်းစိုး

နေရပ်ပြန်နိုင်ငံသားများအနေဖြင့် အရာရာ ခြားနားသော ပြည်ပနိုင်ငံတွင် စိုးရိမ်ကြောင့်ကြမှုဖြင့် နေထိုင်ရသည်ထက် အမိနိုင်ငံတွင် အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား လက်တွဲပါဝင်ရန် စိတ်အားထက်သန်မှုနှင့်အတူ ယခုကဲ့သို့ အမိနိုင်ငံသို့ အပူအပင်ကင်းစွာ ပြန်လည်ရောက်ရှိလာပြီး မိသားစုနှင့်အတူ အိမ်ဟူသော အမိုးရိပ်အောက်၌ အေးအတူပူအမျှ အတူတကွနေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရမှ ဖေးမခေါ်ဆောင်လာမှုအပေါ် လှိုက်လှဲဝမ်းသာစွာ ကျေးဇူးတင်ရှိကြသည့် မိဘပြည်သူများနှင့် နေရပ်ပြန်နိုင်ငံသားတို့၏ ရင်ထဲမှ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်-

**ကိုသိန်းငွေး(ပန်းတနော်မြို့နယ် ရောဝတီတိုင်းဒေသကြီး)**

ကျွန်တော်က နေရပ်ပြန်လာတဲ့ တူလေးကို လာကြိုတာပါ။ မလေးရှားမှာ အလုပ်လုပ်တာ နှစ်နှစ်မြောက်မှာ အဖမ်းခံရပါတယ်။ ထောင်ထဲမှာနေတုန်း ပြည်ပမှာ ဒုက္ခရောက်နေသူတွေကို ပြန်ခေါ်ပေးတဲ့ အစီအစဉ်ရှိတယ်လို့ ဆက်သွယ်ပြောကြားတာ သိလိုက်ရတော့ ဒီကထောက်ခံစာတွေကို အမြန်လုပ်ဆောင်ပြီး တာဝန်ရှိသူတွေဆီကို ပေးပို့ပြီးတဲ့နောက်မှာ အခုလို တူလေးပြန်လာတာကို ကြိုဆိုခွင့်ရတာပါ။ နိုင်ငံတော်သမ္မတကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်ကို ဒီနေရာကနေ မိမိနိုင်ငံက လူငယ်တွေရဲ့ ဘဝနဲ့ သိက္ခာကို ကယ်တင်ပေးခဲ့တဲ့အပေါ် အတိုင်းထက်အလွန် ကျေးဇူးအထူးတင်ပါတယ်။ ကျန်းမာစွာပြန်လာတယ်သိရတော့ ရင်ထဲမှာ ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ သမ္မတကြီး ကျန်းမာပါစေ။

**ဦးရဲပိုင်(ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့)**

မိသားစုလာကြိုတာက သားဖြစ်သူကိုပါ။ သူ မလေးရှားနိုင်ငံကိုသွားတာ နှစ်နှစ်ရှိပါပြီ။ ဟိုမှာ အဖမ်းခံရလို့ ဒုက္ခရောက်တဲ့အပြင် အလုပ်လုပ်တဲ့အခါ၊ အလုပ်ရှာတဲ့အခါမှာလည်း ဒုက္ခရောက်တယ်လို့ ပြောပါတယ်။ သူတို့ဗီဇာသက်တမ်းကုန်သွားလို့ အဖမ်းခံရပြီး ထောင် သုံးလကျပြီး Camp ထဲမှာ တစ်နှစ်ကျော်သွားပါတယ်။ ပြည်ပကိုထွက်သွားတာ ကျွန်တော်တို့လည်း မသိလိုက်ဘူး။ မိသားစုအဆင်မပြေတော့ သူထွက်သွားတာဖြစ်မယ်။ ပြည်ပကို ထပ်ပြီး လွှတ်ဖို့လည်း မရှိပါဘူး။ မိဘအနေနဲ့ သားကို မျှော်ရတာ တော်တော်မောပါတယ်၊ အခုလို ပြန်ရောက်လာတာကို ပြောမပြတတ်အောင် ဝမ်းသာရပါတယ်။ အခုလိုပြန်ခေါ်ပေးတဲ့အတွက် မိဘတွေအနေနဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးကျေးဇူးကို လုံးဝမမေ့ပါဘူးလို့ ပြောချင်ပါတယ်။

**မန်လေး(ကန်ပက်လက်)**

ကျွန်တော် မလေးရှားမှာ တရုတ်ဘုံကျောင်းမှာ အသုံးပြုတဲ့စက္ကူထုတ်လုပ်တဲ့စက်ရုံမှာ လုပ်တာပါ။ အိမ်အပြန်လမ်းမှာ ရဲကဖမ်းတာခံရတာပါ။ ထိန်းသိမ်းတဲ့နေရာမှာ ကိုးလနေခဲ့ရပြီး အလုပ်မှာ ငါးလကြာခဲ့ပါတယ်။ ထိန်းသိမ်းတဲ့နေရာမှာ မြန်မာတွေ အများကြီးကျန်နေပါတယ်။ မနက်ဖြန်ဟာ ကျွန်တော်တို့အတွက် ဘာကိုမှ မသေချာတော့တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက အခုလိုပြန်ခေါ်နေတယ်လို့ ကြားရချိန်မှာ မယုံခဲ့တာအမှန်ပါ။ အခု ကိုယ့်နိုင်ငံကိုပြန်ရောက်ပြီး မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိ ပျော်နေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့မြေကို နင်းခွင့်ရအောင်၊ အမိနိုင်ငံရဲ့လေကိုရှူခွင့်ရအောင် ပြန်လာခေါ်ပေးတဲ့ နိုင်ငံတော်အစိုးရ၊ ရေတပ်နဲ့ တပ်မတော်သား အပေါင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**မထက်ထက်အောင်(တမူးမြို့)**

မလေးရှားနိုင်ငံကို သူငယ်ချင်းတွေနဲ့စုပြီး ဘုရားသုံးဆူလမ်းကနေ သွားခဲ့တာပါ။ ထိုင်းကို ဖြတ်ပြီး မလေးရှားထဲကိုဝင်တာနဲ့ အဖမ်းခံရတာပါ။ ကျွန်မ မလေးရှားနိုင်ငံ ထောင်ထဲမှာ ခြောက်လနေခဲ့ရတယ်။ အခုထိ အိမ်နဲ့အဆက်အသွယ်မရသေးပါဘူး။ Camp နဲ့ ထောင်ထဲမှာ အမျိုးသား၊ အမျိုးသမီး မြန်မာနိုင်ငံသားတွေ အများကြီးကျန်သေးတယ်။ အမျိုးသမီးငယ်တွေ အောက်လမ်းကနေ လုံးဝမသွားစေချင်ပါဘူး။ ငွေရတယ်ဆိုပေမယ့် လူတိုင်းငွေမရဘဲ ဘဝဆုံးတဲ့သူတွေ အများကြီးရှိတယ်ဆိုတာ ဟိုရောက်မှ သိရလို့ပါ။ ပွဲစားတွေမက်လုံးကို လူငယ်တွေ အယုံမလွယ်စေချင်ပါဘူး။ အလွန်ဒုက္ခရောက်တဲ့အတွက် လုံးဝမသွားစေချင်ပါဘူး။ လူငယ်တစ်ဦးအနေနဲ့ ကျေးဇူးဆိုတဲ့တန်ဖိုးကို သိပါတယ်။ ကျွန်မတို့ မိဘတွေ မလုပ်ပေးနိုင်တဲ့အရာကို လုပ်ဆောင်ပေးခဲ့တဲ့ နိုင်ငံ့အကြီးအကဲတွေကို ဒီကနေ ဦးခိုက်ပါတယ်။ ကျေးဇူးထက်မြင့်တဲ့အရာထက် ကျေးဇူးပိုပြီးတင်ပါတယ်။ သင်္ဘောပေါ်မှာ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ပေးကြတဲ့ တပ်မတော်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဟိုမှာ သူငယ်ချင်းတွေ ကျန်ခဲ့သေးတာကြောင့် သူတို့ကိုလည်း ခေါ်ဆောင်ပေးစေလိုပါတယ်။

**ကိုဇော်လင်းအောင်(ဇာသပြင်၊ ကရင်ပြည်နယ်)**

ကျွန်တော်မလေးရှားနိုင်ငံ Camp ထဲမှာ တစ်နှစ်နီးပါးနေခဲ့ရတယ်။ အခက်အခဲမျိုးစုံနဲ့ နေ့စဉ်ဘဝကို ဖြတ်သန်းခဲ့ရတာပါ။ မြန်မာနိုင်ငံက ကျွန်တော်တို့ကို လာခေါ်မယ်လို့ ကြားရတဲ့အခါမှာ ကိုယ့်နားကိုယ် မယုံမိပါဘူး။ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ကြတာ။ မလေးဆိပ်ကမ်းရောက်လို့ နိုင်ငံတော်အလံနဲ့ တပ်မတော်သင်္ဘောကိုမြင်မိတော့မှ ရင်ထဲကအလုံးကြီးကျပြီး မြန်မာနိုင်ငံကို ပြန်ရပြီကွလို့ အားရဝမ်းသာ ဖြစ်ရပါတယ်။ ဆိပ်ကမ်းမကပ်မီ ရေလယ်ကတည်းက ဆိပ်ကမ်းမှာ ကြိုဆိုနေတဲ့လူအုပ်ကြီးကို မြင်ရတာဟာ ကျွန်တော်တို့တွေကို နိုင်ငံခြားမှာ ပညာသင်ပြီး ပြန်လာတဲ့ လူငယ်တွေကို တာဝန်ရှိသူတွေနဲ့ မိဘဆွေမျိုးတွေ ကြိုကြတဲ့ပုံမျိုးဆိုရင် ဘယ်လောက်ဂုဏ်ရှိလိုက်မလဲလို့လည်း တွေးမိပြီး နိုင်ငံတော်အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ သင်္ဘောပေါ်စတက်ကတည်းကနေ ပြန်ဆင်းတဲ့အထိ ကြိုဆိုခဲ့ကြတဲ့ တပ်မတော်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အထင်အမြင်လွဲမှားမှုတွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးပါလို့ တောင်းပန်အပ်ပါတယ်။ အခုလို ကယ်တင်ပေးတဲ့အပေါ် ဖခင်ကောင်းပီသတဲ့ သမ္မတကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်လင်းဇော်(တပ်မတော်(ရေ))**

ဒီခရီးစဉ်မှာ စစ်ရေယာဉ်(မုတ္တမ)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)နဲ့ ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) သုံးစင်းစုဖွဲ့ပြီး သွားခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့ မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့အတွက် အခက်အခဲဖြစ်နေတဲ့ မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကနေ မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းအထိ ရေမိုင် ၈၅၀ ကျော်ဝေးပါတယ်။ အသွား၊ အပြန် ၁၁ ရက်ကြာခဲ့ပြီး ယနေ့ပြန်ရောက်ခဲ့ပါတယ်။ ခရီးစဉ်အောင်မြင်ဖို့အတွက် ပထမဆုံး ဆက်သွယ်ဆောင်ရွက်ပေးတာက နိုင်ငံခြားရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလည်း ပါဝင်ပါတယ်။

တပ်မတော်ရေအပြင် လက်ရုံးတပ်ဖွဲ့တွေဖြစ်တဲ့ တပ်မတော်ဆေးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ တပ်ထိန်းတပ်ဖွဲ့တွေပူးပေါင်းမှုနဲ့ လစ်ဟာမှုမရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စစ်ရေယာဉ် သုံးစင်းမှာ အရာရှိ၊ စစ်သည် စုစုပေါင်းအင်အား ၄၃၂ ဦး လိုက်ပါပြီး လိုအပ်ချက်မရှိအောင် ခရီးစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်ပြန်တဲ့ နိုင်ငံသားများအနေနဲ့ ဟိုမှာ ရက်ကြာရှည်စွာ ခက်ခဲကြမ်းတမ်းတဲ့ အချုပ်၊ Camp နဲ့ ထောင်တွေထဲမှာ နေခဲ့ရတာကြောင့် သူတို့အတွက် စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ အဆင်ပြေအောင်၊ စိတ်လက်ပေါ့ပါးအောင် အားကစားပြုလုပ်ပေးခြင်း၊ တေးသီချင်းများသီဆိုစေခြင်းစတဲ့ စိတ်နှလုံးပျော်ရွှင်အောင် စီမံဆောင်ရွက်ပေးတဲ့အပြင် မြန်မာ့ရေပိုင်နက်ကို စစ်သင်္ဘောစတင်ဝင်ရောက်တာနဲ့ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ မြန်မာ့အငွေ့အသက်ကို ပြန်လည်အမှတ်ရရှိအောင် မုန့်ဟင်းခါးချက်ကျွေးပြီး အစစအရာရာ လိုလေသေးမရှိအောင် ပြန်လည်ခေါ်ဆောင်ခဲ့ပါတယ်။

တပ်မတော်(ရေ)အနေနဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်သူ့အကျိုးဆိုရင် ဘယ်သောအခါမှ လက်မနှေး၊ အချိန်မဆိုင်းစေဘဲ ကူညီဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် အခုလိုတာဝန်ထမ်းဆောင်ခွင့်ရရှိမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ဦးသန်းစိုး (ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးမှူး)**

မလေးရှားနိုင်ငံမှာ မြန်မာနိုင်ငံသားအဖြစ် စိစစ်ပြီးသူတွေကို ပြန်လည်ခေါ်ယူဖို့ နှစ်နိုင်ငံ အစိုးရသဘောတူညီမှုအရ တပ်မတော်(ရေ)က စစ်ရေယာဉ်သုံးစင်းနဲ့ သွားရောက်ခေါ်ဆောင်ရာမှာ လဝက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနက ဝန်ထမ်းတွေလိုက်ပါပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကချင်၊ ချင်း၊ ရခိုင်နဲ့ တနင်္သာရီက နိုင်ငံသားတွေကို လေယာဉ်၊ သင်္ဘောနဲ့ ပို့ဆောင်ပေးမှာဖြစ်တဲ့အတွက် ယာယီတည်းခိုရာနေရာတွေမှာ စောင့်ရှောက်ပေးထားပြီး အဲဒီဒေသက ဌာနဆိုင်ရာကိုယ်စားလှယ်တွေက ခေါ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်ပနိုင်ငံမှာ အခက်အခဲကြုံတွေ့နေရတဲ့ ကိုယ့်နိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ပေးခြင်းဟာ ဝမ်းသာဂုဏ်ယူစရာပါ။ ပြန်ရောက်လာတဲ့ နိုင်ငံသားတွေရဲ့ မိသားစုဝင်တွေအနေနဲ့ လှိုက်လှဲဝမ်းသာပျော်ရွှင်နေကြတာကို တွေ့မြင်ရမှာပါ။ နိုင်ငံသားတွေ ပြန်လည်ရောက်ရှိလာအောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ တပ်မတော်အပါအဝင် ဌာနဆိုင်ရာအသီးသီးက ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**အင်တာဗျူး - သစ္စာ(MNA)**
**ဓာတ်ပုံ - ကနူး/မောင်သီ**

# နိုင်ငံသားတိုင်း သန့်ရှင်းလတ်ဆတ်သော အသားစားသုံးနိုင်ရေး ...

"ပြည်သူတစ်ဦး၏ နံနက်စာစားပွဲပေါ်သို့ ရောက်ရှိလာသော အသားတစ်စတိုင်း၏ နောက်ကွယ်တွင် မိုးမလင်းမီကတည်းက စတင်လှုပ်ရှားနေကြသည့် လူများစွာ၏ တာဝန်ယူမှု၊ နည်းပညာနှင့် ယုံကြည်မှုတို့ ပါဝင်လျက်ရှိသည်။"

ရွှေမှန်း

> " ယခင်က မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို တိရစ္ဆာန်အရေအတွက် မည်မျှတိုးလာသည်၊ အသားထုတ်လုပ်မှု မည်မျှများပြားလာသည်ဆိုသည့် ကိန်းဂဏန်းများဖြင့် အဓိကတိုင်းတာလေ့ရှိသည်။ သို့သော် ယနေ့ခေတ်တွင် ထုတ်လုပ်မှုပမာဏ တိုးလာခြင်းသည် အောင်မြင်မှု၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် "အရေအတွက်ထက် အရည်အသွေး" ကို ဦးစားပေးထားသည်။ အရည်အသွေးမြင့် မွေးမြူရေးဆိုသည်မှာ ကျန်းမာသန့်စွမ်းသော တိရစ္ဆာန်များကို မွေးမြူနိုင်ခြင်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း၊ စားသုံးသူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်သော ထုတ်ကုန်များကို ထုတ်လုပ်နိုင်ခြင်းတို့ကို ဆိုလိုသည် "

**နံနက်ခင်းက စတင်သော ယုံကြည်မှု**

ရန်ကုန်မြို့၏ နံနက် လေးနာရီခန့် အချိန်ဖြစ်သည်။ မြို့၏ လမ်းမများပေါ်တွင် မီးရောင်ဖျော့ဖျော့များသာ လင်းလက်နေသေးသော်လည်း စားနပ်ရိက္ခာခရီးစဉ်ကတော့ စတင်လှုပ်ရှားနေပြီဖြစ်သည်။ လက်ကားဈေးများသို့ ဦးတည်မောင်းနှင်နေသော အအေးခန်းယာဉ်များ၊ နို့နှင့် ဥများကို သယ်ဆောင်လာသော ယာဉ်ငယ်များ၊ မွေးမြူရေးခြံများမှ ထွက်ခွာလာသော ထုတ်ကုန်များသည် ရန်ကုန်မြို့၏ နေ့သစ်ကို ကြိုဆိုရန် အသင့်ဖြစ်နေကြသည်။

သို့သော် ထိုအစားအစာခရီးစဉ်၏အစကို ဈေးထဲတွင် မတွေ့ရပါ။ မြို့စွန်ရှိ မွေးမြူရေးခြံတစ်ခြံမှ မွေးမြူသူတစ်ဦး၏ လက်ထဲမှ စတင်သည်။ သူသည် နေ့စဉ်နံနက်စောစောထ၍ တိရစ္ဆာန်များကို အစာကျွေးသည်။ ရေသန့်ဖြည့်ပေးသည်။ ခြံကို သန့်ရှင်းရေး လုပ်သည်။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ကျန်းမာရေးကိုလည်း ဂရုတစိုက်စောင့်ကြည့်သည်။ ထိုအချိန်မှာပင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာရှင်များက အခြားမွေးမြူရေးခြံတစ်ခြံသို့ ကွင်းဆင်းရန် ပြင်ဆင်နေကြသည်။

ကာကွယ်ဆေးများ၊ ကျန်းမာရေးမှတ်တမ်းစာအုပ်များနှင့် စစ်ဆေးရေးကိရိယာများကို ယူဆောင်ကာ "ဒီနေ့ ဘယ်ခြံမှာ ဘာတွေလိုအပ်နေသလဲ" ဆိုသည့် အစီအစဉ်ဖြင့် ခရီးထွက်ကြသည်။ မြို့တော်၏ နံနက်စာစားပွဲပေါ်သို့ ရောက်ရှိလာမည့် အသား၊ နို့နှင့် ဥတို့၏ အရည်အသွေးသည် ထိုကဲ့သို့သော နေ့စဉ်လှုပ်ရှားမှုများပေါ်တွင် အခြေခံထားသည်။

**ရန်ကုန်တိုင်းဒေသကြီး၏ တာဝန်-လူသန်းပေါင်းများစွာ၏ စားပွဲကို ဖြည့်ဆည်းပေးခြင်း**

ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေအများဆုံးနေထိုင်သည့် ဒေသတစ်ခုဖြစ်သည်။ နေ့စဉ်မိသားစုသန်းပေါင်းများစွာ၏ စားပွဲပေါ်သို့ အသား၊ နို့နှင့် ဥများ မပြတ်မလပ်ရောက်ရှိစေရန် စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို အရည်အသွေးပြည့်မီစွာ စီမံခန့်ခွဲရန် လိုအပ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ စားနပ်ရိက္ခာဖူလုံရေးမဟာဗျူဟာတွင် မွေးမြူရေးကဏ္ဍသည် ထုတ်လုပ်မှုတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုသာမက ပြည်သူ့ကျန်းမာရေးကို အထောက်အပံ့ပေးသည့် အခြေခံကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွက် စားနပ်ရိက္ခာဖူလုံရေးဆိုသည်မှာ အစားအစာများ လုံလောက်စွာ ရှိနေခြင်းတစ်ခုတည်း မဟုတ်ပါ။ ပြည်သူများ စိတ်ချယုံကြည်စွာ စားသုံးနိုင်သော အစားအစာများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ပြီး အချိန်မီဖြန့်ဖြူးပေးနိုင်သည့်စနစ်ကို တည်ဆောက်ထားနိုင်ခြင်း ဖြစ်သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထိုစနစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်တည်နေသည်။ မွေးမြူရေးခြံများမှ ထွက်ရှိလာသော အသား၊ နို့နှင့် ဥတို့ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံစေရန် နည်းပညာ၊ ကျန်းမာရေးနှင့် အရည်အသွေး စံချိန်စံညွှန်းများကို ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိသည်။

ယခင်က မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို တိရစ္ဆာန်အရေအတွက် မည်မျှတိုးလာသည်၊ အသားထုတ်လုပ်မှု မည်မျှများပြားလာသည်ဆိုသည့် ကိန်းဂဏန်းများဖြင့် အဓိက တိုင်းတာလေ့ရှိသည်။ သို့သော် ယနေ့ခေတ်တွင် ထုတ်လုပ်မှုပမာဏ တိုးလာခြင်းသည် အောင်မြင်မှု၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် "အရေအတွက်ထက် အရည်အသွေး" ကို ဦးစားပေးထားသည်။ အရည်အသွေးမြင့် မွေးမြူရေးဆိုသည်မှာ ကျန်းမာသန့်စွမ်းသော တိရစ္ဆာန်များကို မွေးမြူနိုင်ခြင်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း၊ စားသုံးသူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်သော ထုတ်ကုန်များကို ထုတ်လုပ်နိုင်ခြင်း တို့ကို ဆိုလိုသည်။

အသားတစ်စ အရည်အသွေးကောင်းမွန်ရန် တိရစ္ဆာန်၏ ကြီးထွားနှုန်းကောင်းမွန်ရုံဖြင့် မလုံလောက်ပါ။ ယင်းသည် ခြံသန့်ရှင်းရေး၊ အစာအာဟာရ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဇီဝလုံခြုံရေးနှင့် စနစ်တကျ စီမံခန့်ခွဲမှုတို့ ပေါင်းစပ်ဖန်တီးပေးသည့် ရလဒ်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် မွေးမြူရေးလုပ်ငန်းများကို ထုတ်လုပ်မှုနှင့် အရည်အသွေး နှစ်ရပ်စလုံးကို တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်သည့် စနစ်တစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**GAHP – အရည်အသွေးမြင့် မွေးမြူရေးခြံတစ်ခြံ၏ ပုံရိပ်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စံပြမွေးမြူရေးခြံတစ်ခြံသို့ ဝင်ရောက်ကြည့်လိုက်လျှင် ပထမဆုံးတွေ့မြင်ရသည်မှာ သန့်ရှင်းသပ်ရပ်သော ခြံဝင်းနှင့် စနစ်တကျစီမံထားသော ပတ်ဝန်းကျင် ဖြစ်သည်။ ခြံဝင်ပေါက်တွင် ပိုးသတ်ဆေးကန်ထားရှိပြီး ခြံဝင်သူတိုင်း သန့်ရှင်းရေးလုပ်ထုံးလုပ်နည်းများကို လိုက်နာရသည်။ အစာသိုလှောင်သည့်နေရာ၊ သောက်ရေပေးသည့်စနစ်နှင့် အညစ်အကြေး စီမံခန့်ခွဲမှုတို့ကိုလည်း စနစ်တကျပြုလုပ်ထားသည်။

ဤအရာများသည် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices–GAHP)၏ လက်တွေ့ပုံရိပ်များဖြစ်သည်။ GAHP သည် စာရွက်ပေါ်တွင် ရေးထားသောစည်းမျဉ်းတစ်ခု မဟုတ်ဘဲ မွေးမြူရေးခြံတစ်ခြံ၏ နေ့စဉ်လည်ပတ်မှုကို စံချိန်စံညွှန်းနှင့်အညီ စီမံခန့်ခွဲပေးသော လက်တွေ့လုပ်ငန်းစဉ်များဖြစ်သည်။ ခြံသန့်ရှင်းရေးမှ စတင်၍ တိရစ္ဆာန်ကျန်းမာရေး၊ အစာနှင့် ရေဘေးကင်းရေး၊ ဆေးဝါးအသုံးပြုမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုအထိ အဆင့်တိုင်းကို အရည်အသွေးအခြေပြု စီမံခန့်ခွဲစေသည်။ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူသူများ GAHP စံချိန်စံညွှန်းများကို လက်တွေ့ကျင့်သုံးနိုင်ရန် အသိပညာပေးသင်တန်းများ၊ နည်းပညာလမ်းညွှန်မှုများနှင့် ကွင်းဆင်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ယင်းကြောင့် မွေးမြူရေးခြံများ၏စီမံခန့်ခွဲမှုစနစ် တိုးတက်လာပြီး ထုတ်လုပ်မှုအရည်အသွေးလည်း မြင့်မားလာသည်။

**မျိုးကောင်းမျိုးသန့်မှ စတင်သော အနာဂတ်**

နံနက်ပိုင်း နေရောင်ခြည်နွေးနွေးလေး ကျရောက်လာချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နို့စားနွားမွေးမြူရေးခြံတစ်ခြံ၌ လှုပ်ရှားမှုများ ပိုမိုစည်ကားလာသည်။ မွေးမြူသူတစ်ဦးက နွားလေးတစ်ကောင်ကို ဂရုတစိုက်ကြည့်ရှုနေပြီး ဘေးတွင်ရပ်နေသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာရှင်တစ်ဦးက မှတ်တမ်းစာအုပ်ထဲတွင် အချက်အလက်များကို ရေးမှတ်နေသည်။

"ဒီကောင်လေးက မျိုးကောင်းမျိုးသန့် AI နည်းနဲ့ မွေးလာတာပါ"ဟု မွေးမြူသူက ပြုံး၍ ပြောသည်။

ထိုစကားတိုလေး၏ နောက်ကွယ်တွင် နှစ်ပေါင်းများစွာ စုဆောင်းတည်ဆောက်လာသော မျိုးရိုးဗီဇဆိုင်ရာ အသိပညာ၊ သိပ္ပံနည်းကျ နည်းပညာနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းအားထုတ်မှုများ ရှိနေသည်။

ယနေ့ခေတ် မွေးမြူရေးလုပ်ငန်းတွင် "မျိုးကောင်းမျိုးသန့်"ဆိုသည်မှာ တိရစ္ဆာန်အမျိုးအစား ကောင်းမွန်ရုံကိုသာ ဆိုလိုခြင်း မဟုတ်တော့ပါ။ ထုတ်လုပ်မှုစွမ်းရည်၊ ရောဂါခံနိုင်ရည်၊ ဒေသရာသီဥတုနှင့် လိုက်လျောညီထွေမှု၊ အစာအသုံးချနိုင်စွမ်းနှင့် မျိုးဆက်သစ်များ၏ အရည်အသွေးတို့ကို တစ်စုတစ်စည်းတည်း ထည့်သွင်းစဉ်းစားရသည့် သိပ္ပံနည်းကျမျိုးမြှင့်တင်ရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ထိုလုပ်ငန်းစဉ်ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် မေထုန်မဲ့သားစပ်နည်း (Artificial Insemination – AI)ကို ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မျိုးရိုးဗီဇသည် မွေးမြူရေးလုပ်ငန်း၏ အနာဂတ်ကို ပုံဖော်ဆုံးဖြတ်ပေးနိုင်သည့် အခြေခံအင်အားတစ်ရပ်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များကို စနစ်တကျ အသုံးပြုလာသည်နှင့်အမျှ

- အသားထုတ်လုပ်မှု ပိုမိုကောင်းမွန်လာသည်။
- နို့ထွက်နှုန်း မြင့်တက်လာသည်။
- ကြီးထွားနှုန်း ပိုမိုမြန်ဆန်လာသည်။
- ရောဂါခံနိုင်ရည် ပိုမိုကောင်းမွန်လာသည်။
- မွေးမြူသူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ရေရှည်တွင် လျှော့ချနိုင်သည်။

အရေးကြီးသည်မှာ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများကို ရွေးချယ်အသုံးပြုခြင်း ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးရိုးဗီဇများကို စနစ်တကျရွေးချယ်အသုံးပြုလာခြင်းသည် မွေးမြူရေးလုပ်ငန်း၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို အထောက်အကူပြုစေသည်။

**တစ်နိုင်တစ်ပိုင်မွေးမြူသူမှ စီးပွားဖြစ်မွေးမြူသူအထိ**

ရန်ကုန်တိုင်းဒေသကြီး၏ မွေးမြူရေးမူဝါဒသည် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကိုသာ ဦးတည်ထားခြင်း မဟုတ်ပါ။ တစ်ပိုင်တစ်နိုင် မွေးမြူသူများကိုလည်း နည်းပညာ၊ ကျန်းမာရေးနှင့် မျိုးမြှင့်တင်ရေး ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

ကျေးလက်ဒေသရှိ မိသားစုတစ်စုအတွက် နွားနှစ်ကောင်၊ ဝက်အနည်းငယ် သို့မဟုတ် ကြက်မွေးမြူရေးလုပ်ငန်းသည် မိသားစုဝင်ငွေ၏ အရေးပါသော အရင်းအမြစ်တစ်ခု ဖြစ်နိုင်သည်။ ထို့ကြောင့် ထိုမွေးမြူသူများ၏ ထုတ်လုပ်မှုအရည်အသွေး တိုးတက်လာခြင်းသည် မိသားစုဝင်ငွေ တိုးလာခြင်း၊ အာဟာရပိုမိုပြည့်ဝလာခြင်းနှင့် ဒေသစားနပ်ရိက္ခာဖူလုံရေးကို အားဖြည့်ပေးခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည်။

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက "နည်းပညာကို လူတိုင်းရရှိစေရေး" ဟူသော ရည်မှန်းချက်ဖြင့် မြို့နယ်များအထိ ဝန်ဆောင်မှုများကို တိုးချဲ့ ဆောင်ရွက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်း အရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲ ဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ကောင်စစ်ဆိုင်ရာ ကူညီဆောင်ရွက်မှုများကို အစဉ်တစိုက်အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာအစိုးရအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၀၈၆ဦး ကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)နှင့် AirAsia လေယာဉ်များဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၉၀၅ ဦးကိုလည်းကောင်း၊ အိန္ဒိယ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲ မြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့်၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး ဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချိုးဖောက်ခဲ့မှုများကြောင့် ပြစ်ဒဏ်ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားသူများကို မြန်မာနိုင်ငံသား မှန်ကန်မှု ရှိ/မရှိကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိစစ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စိစစ်ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံသားမှန်ကန်သူ ၈၀၄၁ ဦးကို လေယာဉ်ဖြင့် အပတ်စဉ်ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် လေယာဉ်စရိတ် မတတ်နိုင်သည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးအား မြန်မာ့တပ်မတော် (ရေ) မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်)တို့ဖြင့် ပြန်လည်ခေါ်ဆောင်လာရာ ယနေ့တွင်မြန်မာနိုင်ငံသို့ ချောမောစွာ ရောက်ရှိခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အားလျော်စွာ နိုင်ငံသားများအနေဖြင့် ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စသည့်စီးပွားရေးကဏ္ဍများတွင် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ဂုဏ်သိက္ခာရှိပြီး လုံခြုံစိတ်ချရသည့် လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေး ဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ တရားမဝင် နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပသို့ တရားမဝင်ထွက်ခွာမှုများကို ရှောင်ကြဉ်ကြရန်နှင့် လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် သတိပေးနှိုးဆော်ထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား မည်သို့သော အခြေအနေတွင်ဖြစ်စေ အခက်အခဲ ကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နောင်တွင်လည်း ပြည်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာ ကြုံတွေ့လာပါက မြန်မာသံရုံးများနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

***❂တနင်္သာရီတိုင်းဒေသကြီးမှ***

ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါထားဝယ်-လောင်းလုံး-ကျောက်နီမော် - ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေကြီးများအား ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့မှ ယနေ့ နံနက်ပိုင်းတွင် စတင်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သဘာဝဘေး ဒဏ်ထိခိုက်မှု များပြားခဲ့သည့် ကဒက်ငယ်ထိန် ကျေးရွာသို့ ရောက်ရှိခဲ့ပြီး သဘာဝဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ပေါ်ရှိ ရပ်ကွက် ငါးခု၊ အိမ်ထောင်စု ၃၁၀ တို့အား သောက်ရေသန့်ကားဖြင့် ရေသန့်များ ဖြန့်ဝေပေးခြင်း၊ လောင်းလုံးမြို့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် လောင်းလုံး - ကဒက်ငယ်ထိန်ရွာ လမ်းတစ်လျှောက်ရှိ လမ်းပေါ် ပြိုကျနေသော မြေကြီးများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများအား မြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင်ပိတ်နေသော အမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက် ပေးလျက်ရှိသည်။



ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ ***အလှည့်ကျစနစ်မှ***

ထုတ်လုပ်ပေးသွားရန် စီမံထားရှိပြီးဖြစ်ပါသည်။

ထို့အပြင် ယခုနှစ်နွေရာသီအမီ ဆိုလာစီမံကိန်းအသစ်များ၊ ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အပါအဝင် ဓာတ်အားထပ်မံထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစနစ်များ ပြန်လည်ကောင်းမွန်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြင်းထန်အယ်နီညို ရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ဓာတ်အားလိုအပ်ချက် မြင့်မားလာသည့်အချိန်တွင် ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှု အချိုးညီမှုမရှိပါက ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားထုတ်စက်များ ရုတ်တရက် ရပ်တန့်ခြင်း၊ မဟာဓာတ်အားလိုင်းများအပြစ်ဖြစ်ပေါ်၍ တစ်နိုင်ငံလုံး ဓာတ်အားစနစ် ပြတ်တောက်ခြင်း(System Breakdown) စသည်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလတွင် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်အညီ သုံးစွဲမှုကို အချိုးညီစေရေးအတွက် ဝန်အား ထိန်းညှိဖြန့်ဖြူးမှုကို မလွှဲမရှောင်သာ အနည်းဆုံးပမာဏဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား အလှည့်ကျစနစ်ဖြင့် ဝန်အားထိန်းညှိ၍ ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်ကို (၅.၁၀.၂၀၂၄)နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

***◆ လေးမျက်နှာမြို့နယ်မှ***

လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့ နယ်အတွင်း ၁၀ ပေ ၅ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၇ပေ ၁၀လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲသို့ တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၄**

ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာအန်ဒရေ ကူဇနက်ဆော့ဗ်၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုပြပွဲ (INNOPROM. Belarus) သို့ တက်ရောက်ခဲ့ကြသည်။

**သီးခြားစီဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မင့်စ်မြို့သို့ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမက်ဆင်း ရှုဇန်ကော့ဗ်နှင့်တွေ့ဆုံပြီး တတိယအကြိမ် ပူးတွဲကော်မတီအစည်းအဝေး မြန်မာနိုင်ငံ၌ ကျင်းပရေး၊ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာအန်ဒရေ ကူဇနက်ဆော့ဗ်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း သီးခြားစီ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ မစ္စနာဒက်ဒါ လာဇာရီဗစ်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုကုန်စည်ပြပွဲ၌ ပြသထားသည့် ပြခန်းများကို လှည့်လည်လေ့လာကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးများသည် အောက်တိုဘာ ၁ ရက်တွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus) ၏ စီးပွားရေးအစီအစဉ်များနှင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြပြီး မင့်စ်မြို့ရှိ Techno Park သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက Techno Park နှင့် သက်ဆိုင်သည့်အချက်အလက်များကို လိုက်လံရှင်းလင်းပြသသည်။

**ပြန်လည်ရောက်ရှိ**

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် Minsk Automatic Lines Plant စက်ရုံအတွင်း အလိုအလျောက် စက်ယန္တရားများ ထုတ်လုပ်တပ်ဆင်နေမှုကိုလည်းကောင်း၊ Minsk Plant of Technological Metal Structures ၏ နည်းပညာမြင့် သတ္တုထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နည်းပညာအသုံးပြုဆောင်ရွက်နေမှုကိုလည်းကောင်း လေ့လာကြည့်ရှု၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပြုနိုင်သည့် လူသားအရင်းအမြစ်ပညာတတ်များ မွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်ရေး အထူးလိုအပ်



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပြုနိုင်သည့် လူသားအရင်းအမြစ် ပညာတတ်များမွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း(တောင်ငူ) တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ထို့နောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ အဆင့်မီ သင်ထောက်ကူပစ္စည်းများအသုံးပြုနေမှု၊ တက္ကသိုလ်၏ သင်ကြားသင်ယူမှု လုပ်ငန်းများ ပိုမိုထိရောက်စေရန် ကျောင်းပရဝဏ်အတွင်း စာသင်ခန်းများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ၊ စာကြည့်တိုက်၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ၊ ဘောလုံးကွင်းမြေနေရာ၊ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။(ဝဲပုံ)

**သတင်းစဉ်**

# MSMEs နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၄**

MSMEs နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းဖြည့်ဆည်းနိုင်ရေးအတွက် စစ်တမ်းများကောက်ယူကာ စီမံချက်ချမှတ်ဆောင်ရွက်သွားရန် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် လျှပ်စစ်ခေတ်ခွဲခန်းရှိ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားများကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး၊ အရည်အသွေးမြင့်လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရေး၊ စက်ရုံတွင်းနှင့် အိမ်တွင်းလျှပ်စစ်သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ရန် မှာကြားခဲ့ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် လျှပ်စစ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထိုက်တို့က လျှပ်စစ်ဓာတ်ခွဲခန်း၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်ခွဲခန်းတွင် ပြည်တွင်းထုတ် လျှပ်စစ်ပစ္စည်းများ၊ ပြည်ပတင်သွင်းလျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးများအား စမ်းသပ်စစ်ဆေးနေမှု၊ MSMEs ထုတ်ကုန်အရောင်းပြခန်းတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် MSMEs ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှု၊ E-Market Platform ဖြင့် ချိတ်ဆက်ရောင်းချနေမှု အခြေအနေနှင့် MSMEs One Stop Service Center ၊ Incubation Center တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

✪ *ကျော့ဖုံးမှ*

တပ်မတော်အားကစားကွင်း၌ အမျိုးသား/အမျိုးသမီး မာရသွန် အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ-၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြေးပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။



**အသီးသီးယှဉ်ပြိုင်ကစား**

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဓားနှစ်လက်အတိုက် (က)တန်း၊ အမျိုးသားဓားတစ်လက်အတိုက်(က) တန်း၊ အမျိုးသားဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီးဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ) တန်း၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း ၃ ယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက်ပွဲစဉ်များ၊ အလွတ်တန်းပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့်ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဇေယျာသီရိလေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

**ကြည့်ရှုအားပေး**

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**





■ *ကျော့ဖုံးမှ*

ယနေ့ ပွဲစဉ်များတွင် JULLNISS အသင်းက TKA STAR အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး AVENGERS JUNIOR က UNITED CITY အသင်းကို လေးဂိုး-သုံးဂိုး၊ MAHAR BURMA အသင်းက MAR REIN အသင်းကို လေးဂိုး-နှစ်ဂိုး၊ VICTORIA အသင်းက SGF YOUTH အသင်းကို လေးဂိုး-နှစ်ဂိုး၊ BUSHIDO FC က SHWE PYI THAR UTD FC အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကာ FFU MINMAHAW FC နှင့် PACIFIC SUN FAR FC ပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယအကျော့ ပွဲစဉ် (၁၂) အပြီးတွင် SGF YOUTH FC က ၃၁ မှတ်ဖြင့် ဇယားထိပ်မှ ဆက်လက်ဦးဆောင်နေပြီး VICTORIA FC က ၃၁ မှတ် ဂိုးကွာခြားချက်ဖြင့် အဆင့်(၂)၊ MAHAR BURMA FC က ၂၄ မှတ်ဖြင့် အဆင့်(၃)၊ FFU MINMAHAW FC က ၂၂ မှတ်ဖြင့် အဆင့်(၄)၊ AVENGERS JUNIOR FC က ၂၁ မှတ်ဖြင့် အဆင့်(၅)၊ PACIFIC SUN FAR FC က ၂၀ မှတ်ဖြင့် အဆင့် (၆)၊ JULLNISS FC က ၁၉ မှတ်ဖြင့် အဆင့် (၇)၊ UNITED CITY FC က ၁၈ မှတ်ဖြင့် အဆင့်(၈)၊ TKA STARS FC က ၁၅ မှတ်ဖြင့် အဆင့်(၉)၊ BUSHIDO FC က ၇ မှတ်ဖြင့် အဆင့် (၁၀)၊ SHWE PYI THAR UTD FC က ၃ မှတ်ဖြင့် အဆင့် (၁၁) နှင့် MAR REIN FC က ရမှတ် ၁ မှတ်ဖြင့် အဆင့် (၁၂) နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

▲ *ကျော့ဖုံးမှ*

ကွင်းလယ်တိုက်စစ်ကစားသမား ဂျူဒ်ဘယ်လင်ဂမ်သည် ၂၀၂၃ ခုနှစ် နွေဝင်ဘာလနောက်ပိုင်း အင်္ဂလန်အသင်းအတွက် ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု သုံးကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော အဓိက တိုက်စစ်ကစားသမား ဟာရီကိန်းသည် အင်္ဂလန်အသင်းအတွက် စုစုပေါင်း သွင်းဂိုး ၈၉ ဂိုး အထိ ရှိလာပြီဖြစ်သည်။

ခရိုအေးရှားအသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပြိုင်ဘက် အင်္ဂလန်အသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်အများစု ဟန့်တားကာကွယ်ခဲ့ရသည်။ အင်္ဂလန်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး ရလဒ် ရရှိထားသည်။ ပြိုင်ဘက်ခရိုအေးရှားအသင်းက သုံးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် စပိန်က တစ်ယောက်လျော့ ချက်ဖ် အသင်းကို သုံးဂိုး-တစ်ဂိုး၊ စကော့တလန်က မြောက်မက်ဆီဒိုးနီးယား အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်က စလိုဗေးနီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

**အောင်ဇော်**

⁜ *ကျော့ဖုံးမှ*

ကရင်ပြည်နယ်မှ ရိုးရာလက်ဝှေ့ ဖိုက်တာ လာဂဘောက်ထူးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ပထမအချီတွင် ဇော်ဒူလာမရီက ချုပ်ကွက်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယခေါင်းပွဲစဉ်ဖြစ်သော ၅၇ ကီလိုတန်းတွင် ထိုင်းနိုင်ငံ၏ MMA ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် ချင်းတိုင်းရင်းသား MMA ဖိုက်တာ ဆလိုင်းဂျွန်မွှာခ်က တောင်ဒဂုံမှ MMA ဖိုက်တာ မင်းမြတ်သူကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရယူသွားခဲ့သည်။

ဆက်လက်၍ ၅၇ ကီလိုတန်းတွင် လီဆူးတိုင်းရင်းသား MMA ဖိုက်တာ တိုးလုံးက မြတ်မင်းသူ (ရေဝတီ)ကို ချုပ်ကွက်ဖြင့်လည်းကောင်း၊ ၅၂ ကီလိုတန်းတွင် မင်းခေါင်ကျော်ထင် (မြောက်ဥက္ကလာ) က တောင်တွင်းကြီးမှ MMA ဖိုက်တာ ကျားလေးကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့ပြင် ၆၂ ကီလိုတန်းတွင် ပအိုဝ်းတိုင်းရင်းသား MMA ဖိုက်တာ ခွန်စိုးမိုးနိုင်က ဝေယံရှိုင်း(သထုံ)ကို ပထမအချီတွင် ချုပ်ကွက်ဖြင့် လည်းကောင်း၊ ၅၂ ကီလိုတန်းတွင် တိုးတက်(မြေပုံ)က သွေးထက်အောင်(ကရင်)ကို ပထမအချီတွင် ချုပ်ကွက်ဖြင့် လည်းကောင်း၊ ၅၅ ကီလိုတန်းတွင် ချင်းဖိုက်တာ အော်ဂတ်စတင်းဗန်က ရိုးရာလက်ဝှေ့ဖိုက်တာ ဝဏ္ဏကျော်(ကရင်)ကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ ၇၅ ကီလိုတန်းတွင် MMA ဖိုက်တာ စတီးလ်ရှူး (တာချီလိတ်)က တွံတေး MMA ဖိုက်တာ ဝင်းဇော်ကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

**နေမျိုး**
**ဓာတ်ပုံ-3MA**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “မင်းစံ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက်နေ စံမြင့်(ခ)အလုအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကျိုက်မရောမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

အသင်းခေါင်းဆောင် အောင်မြတ်သာက အိန္ဒိယခံစစ်ကို ကျော်ဖြတ်ကာ ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အိန္ဒိယ ယူ-၁၇ အသင်း ကစားကွက်အသာဖြင့် မြန်မာအသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင်ရရှိသည့် ပယ်နယ်တီမှတစ်ဆင့် ဂန်တီက ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ မြန်မာအသင်းအနေဖြင့် ဒုတိယပိုင်းတွင် ခံစစ်ဖြင့်သာ ကစားနိုင်ခဲ့ပြီး ရရှိထားသည့်ဦးဆောင်ဂိုးကို ထိန်းထားနိုင်ခြင်းမရှိဘဲ ချေပဂိုးခွင့်ပြုခဲ့ရကာ ပွဲပြီးချိန်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

မြန်မာယူ-၁၇ နှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**



# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ စတုတ္ထသက်တမ်းအတွက် ကောင်စီဝင် ၆၀ ကို ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ စတုတ္ထသက်တမ်းအတွက် ကောင်စီဝင် ၆၀ ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး Function Hall ၌ ကျင်းပသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ စတုတ္ထအကြိမ် ဖွဲ့စည်းခြင်းအခမ်းအနားတွင် ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို (၂၀၁၃) ခုနှစ်တွင် စတင်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဥပဒေအရ (၄)နှစ်လျှင် (၁)ကြိမ် အသစ်ပြန်လည် ဖွဲ့စည်းခဲ့ရာ (၂၀၁၄) ခုနှစ်တွင် ပထမအကြိမ်၊ (၂၀၁၈)ခုနှစ်တွင် ဒုတိယအကြိမ်၊ (၂၀၂၂) ခုနှစ်တွင် တတိယအကြိမ်၊ ယခု(၂၀၂၆) ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် မှတ်ပုံတင်အင်ဂျင်နီယာများ၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းခြင်းလုပ်ငန်းစဉ်နှင့် ပညာရှင်ကျင့်ဝတ် (Professional Ethics) များနှင့်အညီ အဂတိတရားကင်းစွာ ပါဝင်ဆောင်ရွက်ပေးကြရန်လိုပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် စတုတ္ထအကြိမ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင်များနှင့် ကောင်စီဝင်များ၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြုကြေညာပြီး နာယကကြီးများ၏ ရှေ့မှောက်တွင် ကောင်စီဝင်များက ကတိသစ္စာ ပြုကြသည်။

ထို့ပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ဝင်များက အလုပ်အမှုဆောင်အဖွဲ့ကို နာယကကြီးများ၏ ရှေ့မှောက်တွင် သတ်မှတ်ထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်တင်မြှောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကကြီးများက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စေရေး၊ အရည်အသွေးမြင့်မှတ်ပုံတင် အင်ဂျင်နီယာများ၊ နည်းပညာကျွမ်းကျင်သူများ ပေါ်ထွန်းစေရေး၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရေး၊ အင်ဂျင်နီယာကျင့်ဝတ်နှင့် ဂုဏ်သိက္ခာထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို လမ်းညွှန်မှာကြားကာ အသစ်ရွေးချယ်တင်မြှောက်ခံရသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**ကလေး အောက်တိုဘာ ၄**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်တို့က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍အမှာစကားပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေထားရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံ ပျက်စီးမှု ထပ်မံကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ တစ်စိတ်တစ်ပိုင်း ပြုပြင်ရန် လိုအပ်မှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ ပြုပြင်၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရွေးချယ်အတည်ပြုထားသော ကုမ္ပဏီများ၊ ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့်ပတ်သက်၍ ထောက်ပံ့မှု၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆန်၊ ဆီ၊ ဆား၊ ပဲအတွက် ငွေထောက်ပံ့မှုနှင့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ လက်ခံရရှိ၊ သုံးစွဲမှုနှင့် လက်ကျန်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ခရိုင်အတွင်း စက်မှုလုပ်ငန်းသုံး စားအုန်းဆီ ခွဲတမ်းရရှိသည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ပြည် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းသုံး စားအုန်းဆီ လစဉ်ခွဲတမ်းရရှိထားသော လုပ်ငန်းရှင်များလုပ်ငန်းခွင်အတွင်း အမှန်တကယ်အသုံးပြုခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် ခရိုင်စက်မှုလုပ်ငန်းသုံး စားအုန်းဆီ ထုတ်ယူဖြန့်ဖြူးမှုကြီးကြပ်ရေးအဖွဲ့မှ ယမန်နေ့ နံနက်ပိုင်းက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်ခရိုင်အနေဖြင့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီ လစဉ်ပီပါ ခွဲတမ်း ၃၀၀ ရရှိရာ အဆိုပါဆီများကို လုပ်ငန်းရှင် ၉၅ ဦးထံသို့ စနစ်တကျ ခွဲဝေပေးရာတွင် စားသောက်ကုန်လုပ်ငန်းရှင် ၃၃ ဦး၊ စားသောက်ဆိုင်ကြီး လုပ်ငန်းရှင် ၂၅ ဦးနှင့် စားသောက်ဆိုင်သေးလုပ်ငန်းရှင် ၁၉ ဦး၊ ဟိုတယ် လုပ်ငန်းရှင် ၁၈ ဦးတို့ဖြစ်ပြီး ခွဲဝေပေးထားသည့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများကို လုပ်ငန်းရှင်များက မိမိတို့၏ လုပ်ငန်းခွင်အတွင်း အမှန်တကယ်အသုံးပြုလျက်ရှိခြင်း ရှိ/မရှိကို ခရိုင်ကြီးကြပ်ရေးအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းတွင် အမှန်တကယ်အသုံးပြုလျက်ရှိကြောင်း သိရသည်။**အေးမိုး(ပြန်/ဆက်)**



# ရေနံချောင်းမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်



စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းစိုးနှင့် ဝန်ထမ်းများက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို ပညာပေးရှင်းလင်းဆွေးနွေးပြီး ဝါသီးနှံစိုက်ပျိုးလျက်ရှိသော ကျေးရွာအုပ်စု (၃) အုပ်စုမှ မျိုးစေ့ထုတ် ဝါသီးနှံစံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများအား ကွန်ပေါင်းဓာတ်မြေသြဇာနှင့် သဘာဝပိုးသတ်ဆေးများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသည့် ဝါသီးနှံစိုက်တောင်သူများက မိမိတို့ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုစိုးကြီး(ပြန်/ဆက်)**

# သာယာဝတီ၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**သာယာဝတီ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ Excel International Trading Co.,Ltd. မှ Rice Export Zone စီမံကိန်းဖြင့်ဆောင်ရွက်မည့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး Rice Export Zone စီမံကိန်းအတွက် သစ်ရာကုန်းအုပ်စုမှတောင်သူ ၈၁ ဦးအား ၆၅၉ ဧကနှင့်ရေတွင်းကုန်းအုပ်စုမှတောင်သူ ၂၄ ဦးအား ၂၀၈ ဧကတို့ကို တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပထမအကြိမ်ချေးငွေ ထုတ်ချေးပေးအပ်ခဲ့ရာ ဇွန် ၂၇ ရက်က တစ်လျှောင် ငွေကျပ်တစ်သိန်းနှုန်း၊ စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံ့စီးပွားမှ တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ချေးငွေကျန်ရှိသော တစ်သိန်းကျပ်စီကို ဒုတိယအကြိမ်အဖြစ် တောင်သူများ လက်ဝယ်သို့ ချေးငွေများ ထပ်မံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**



တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

### စက်တင်ဘာ ၂၇ ရက်

**နိုင်ငံတော်သမ္မတ ရန်ကုန်ရှိ တက္ကသိုလ်များ ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ တက္ကသိုလ်ပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ရေး၊ သင်ကြားသင်ယူမှု ပိုမိုကောင်းမွန်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ကို ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

### စက်တင်ဘာ ၂၈ ရက်

**အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်**

အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး ၄၈ နာရီအတွင်း ပဲခူး၊ ရန်ကုန်၊ နေပြည်တော်၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သဖြင့် မုန်တိုင်းသတိပေးချက်များ၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း အခြေအနေတို့ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခဲ့သည်။

### စက်တင်ဘာ ၂၉ ရက်

**မလေးရှားထိန်းသိမ်းရေးစခန်းများမှ မြန်မာနိုင်ငံသား ၁၄၇၆ ဦး ပြန်လည်ခေါ်ဆောင်**

မလေးရှားနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများမှ မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စစ်ရေယာဉ်များ မလေးရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြောင်း သိရသည်။

### စက်တင်ဘာ ၃၀ ရက်

**မုန်တိုင်းငယ်ကြောင့် မိုးသည်းထန်ခဲ့သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးဆောင်ရွက်**

ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်းဝင်ရောက်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့် ဒေသများတွင် ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

### အောက်တိုဘာ ၁ ရက်

**(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို နေပြည်တော်၌ ကျင်းပပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။ အခမ်းအနားတွင် ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် မှုခင်းတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

### အောက်တိုဘာ ၂ ရက်

**ကျိုက်ထို ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ Drop Bomb ဖြင့် တိုက်ခိုက်ခံရ**

ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်းအား Drop Bomb နှစ်လုံးဖြင့် တိုက်ခိုက်ခံရသဖြင့် အဆောက်အအုံနှင့် ထိန်းချုပ်ရေးပစ္စည်းများ ပျက်စီးကာ ဓာတ်အားပြတ်တောက်ခဲ့ပြီး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

### အောက်တိုဘာ ၃ ရက်

**နိုင်ငံတော်သမ္မတ နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်အတွင်း ပြည်သူ့ရင်ပြင်၊ ခုံးကျော်တံတားများ၊ လေဆိပ်အဝင်လမ်းသစ်၊ မြို့အဝင်မုခ်ဦးနှင့် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့် နေပြည်တော်အား မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

# ကမ္ဘာရေးရာ

**ဟော်မုဇ်ရေလက်ကြားအခြေအနေကြောင့် လူ ၄၅ သန်း စားနပ်ရိက္ခာမဖူလုံမှု ကြုံနိုင်**

ဟော်မုဇ်ရေလက်ကြားအခြေအနေကြောင့် ကမ္ဘာတစ်ဝန်း ဓာတ်မြေဩဇာပြတ်တောက်မှု ဖြစ်ပေါ်နိုင်ပြီး လူပေါင်း ၄၅ သန်းမှာ အလွန်ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့နိုင်ကြောင်း ကုလသမဂ္ဂ အကြီးတန်းအရာရှိတစ်ဦးက သတိပေးပြောကြားသည်။

**ကွန်ဂိုတွင် အီဘိုလာအတည်ပြုလူနာ ၈၀၀၀ ကျော်ရှိလာ**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်အထိ အီဘိုလာအတည်ပြုလူနာ ၈၀၆၇ ဦး ရှိလာပြီး ၃၉၀၁ ဦး သေဆုံးခဲ့ကာ ရောဂါကူးစက်ဖြစ်ပွားမှုမှာ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

**တိုကျိုမြို့လယ်၌ ၃၄ ရက်ဆက် မိုးရွာသွန်း၍ စံချိန်သစ်တင်**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်တွင် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ၃၄ ရက်ဆက်တိုက် မိုးရွာသွန်းခဲ့ပြီး ၂၀၁၉ ခုနှစ်က ၃၃ ရက်ဆက် မိုးရွာသွန်းခဲ့သည့် စံချိန်ကို ကျော်လွန်၍ အရှည်ကြာဆုံး မိုးရွာသွန်းမှုအဖြစ် မှတ်တမ်းသစ်တင်ခဲ့ကြောင်း သိရသည်။

**ထရမ့် AI လုံခြုံရေး သဘောတူညီချက် လက်မှတ်ရေးထိုး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် AI နည်းပညာများ လုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းချုပ်မှုများ ခိုင်မာစေရန် အမေရိကန်နည်းပညာကုမ္ပဏီကြီးခြောက်ခုနှင့် စက်တင်ဘာ ၂၉ ရက်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သီရိလင်္ကာ မုန်တိုင်းဒဏ်သင့်လမ်းများအတွက် ဒေါ်လာသန်း ၁၁၀ ကမ္ဘာ့ဘဏ်ကူညီမည်**

ကမ္ဘာ့ဘဏ်က ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ပျက်စီးခဲ့သည့် သီရိလင်္ကာနိုင်ငံရှိ လမ်းကီလိုမီတာ ၆၀၀ ကို ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကူညီမည်ဖြစ်ကြောင်း သိရသည်။

**ဆွစ်ဇာလန်ရေခဲမြစ်များ အရည်ပျော်မှု မြန်ဆန်လာ**

ဆွစ်ဇာလန်နိုင်ငံရှိ ရေခဲမြစ်များမှ ရေခဲထုထည်ဆုံးရှုံးမှုသည် လွန်ခဲ့သည့် ငါးနှစ်အတွင်း ပိုမိုမြန်ဆန်လာပြီး ၂၀၂၁ ခုနှစ်မှစ၍ ရေခဲထုထည်၏ ၂၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးခဲ့ကြောင်း သုတေသီများက သတိပေးထားသည်။

**G7 နိုင်ငံများ အရန်ရေနံစည် သန်း ၁၀၀ ထုတ်ယူသုံးစွဲရန် သဘောတူ**

အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေချိန်တွင် G7 နိုင်ငံများက IEA မှတစ်ဆင့် လေးလအတွင်း အရန်ရေနံစည် သန်း ၁၀၀ ထုတ်ယူသုံးစွဲရန် သဘောတူခဲ့ကြောင်း သိရသည်။

❖ ❖ ❖

## ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာ နေရာသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှုသွင်း၊ လေသန့်ရှင်း မချွင်းရမှာ၊ တောကသာ**

# တိုင်းရင်းဆေးဝါးများ စနစ်တကျ သုံးစွဲကြပါစို့ ...

ဒေါ်ရတနာ၊ ဒေါက်တာကြည်ကြည်ဦး
(တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာလူမျိုးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အဖိုးမဖြတ်နိုင်သည့် အမျိုးသားအမွေအနှစ်ဖြစ်ပြီး ကျယ်ပြန့်နက်နဲသိမ်မွေ့သော အခြေခံဆေးသိပ္ပံပညာ၏ မတူညီသည့် အခြေခံသဘောတရားများ၊ အမျိုးမျိုးသော ကုထုံးများနှင့် အစွမ်းထက်ဆေးဝါးများကို လွှမ်းခြုံထားသည့် ပညာရပ်တစ်ခုအနေဖြင့် ရပ်တည်လာခဲ့ရာ မြန်မာ့တိုင်းရင်းဆေးဝါးများသည် ရှေးယခင်ကတည်းကပင် ပြည်သူများအကြား အစဉ်အဆက်အသုံးပြုလာကြသော ဆေးဝါးများဖြစ်ပါသည်။

ယနေ့ခေတ်တွင် တိုင်းရင်းဆေးဝါးများကို ခေတ်မီဆေးဝါးအဖြစ် နိုင်ငံတကာမှ လက်ခံပြီး အသုံးပြုနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပြည်သူ့ဝန်ဆောင်မှုများတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများက စားသုံးသူအတွက် ဘေးကင်းလုံခြုံသော ဆေးဝါးများရရှိစေရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြုပြင်ပြောင်းလဲရန် အလားအလာရှိသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင်လည်း ပိုမိုအားကောင်းစွာ ပါဝင်လာမည်ဖြစ်ပါသည်။

အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးကို အများပြည်သူတို့ သုံးစွဲနိုင်ရေးအတွက် တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ ခုနှစ်မှ စတင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ပြင်ဆင်ပြဋ္ဌာန်းထားသော တိုင်းရင်းဆေးဝါးဥပဒေ (၂၀၁၄ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် အရည်အသွေးစီမံခန့်ခွဲမှုသည် ဆေးဝါးအရည်အသွေး၊ ဘေးကင်းမှုနှင့် ထိရောက်မှုတို့ကို အာမခံရန်နှင့် တိုင်းရင်းဆေးထုတ်ကုန်များအတွက် အရည်အသွေးစဉ်ဆက်မပြတ် မြှင့်တင်ထိန်းသိမ်းရန်လည်း အလွန်အရေးပါပါသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအနေဖြင့် အရည်အသွေးပြည့်မီပြီး ဘေးဥပဒ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး မှတ်ပုံတင်ခွင့်ပြုထားသည့် တိုင်းရင်းဆေးဝါး၏ ဆေးအညွှန်းတွင် အမှတ်တံဆိပ်၊ ဆေးအမည်၊ ပါဝင်ဆေးပစ္စည်း၊ သုံးစွဲနိုင်သောရောဂါ (သို့မဟုတ်) အကျိုးကျေးဇူး၊ သောက်သုံးရမည့်ဆေးပမာဏ၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်၊ ထုတ်လုပ်ရက်၊ ကုန်ဆုံးရက်၊ ထုတ်လုပ်အပတ်စဉ်၊ ပင်ရင်းလိပ်စာဟူသည့် အခြေခံသတ်မှတ်ချက် ၁၀ ချက်ပြည့်စုံစွာ ပါရှိပါသည်။

မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများ၊ အရည်အသွေးမပြည့်မီသော စံမညီတိုင်းရင်းဆေးဝါးများကို အသုံးပြုမိခြင်းတို့ကြောင့် ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများသည် ဘေးဥပဒ်ကင်းရှင်းမှု၊ အရည်အသွေးပြည့်မီမှုနှင့် စစ်မှန်အစွမ်းထက်မှုတို့ကို အာမခံချက်မပေးနိုင်သောကြောင့် ပြည်သူများအနေဖြင့် တိုင်းရင်းဆေးဝါးဝယ်ယူသုံးစွဲရာ၌ ဆေးအညွှန်းတံဆိပ်များတွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ပါဝင်ခြင်း ရှိ/မရှိနှင့် အခြေခံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ သေချာစွာ စစ်ဆေးပြီးမှ အသုံးပြုကြရန်နှင့် မှတ်ပုံတင်မရှိသော တိုင်းရင်းဆေးဝါးများကို မိမိသဘောဖြင့် ဝယ်ယူသုံးစွဲခြင်းမပြုကြရန် အသိပေးလိုပါသည်။

**“ အနောက်တိုင်းဆေးဝါးများ ရောနှောပါဝင်နေခြင်းကို စားသုံးသူက မသိရှိပါဘဲ အသုံးပြုမိပါက မိမိသုံးစွဲနေသော ဆေးဝါးအမျိုးအစားနှင့် ပမာဏကို မထိန်းချုပ်နိုင်ခြင်းတို့ကြောင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အစာအိမ်အနာနှင့် အစာအိမ်သွေးယိုစိမ့်ခြင်း၊ ကျောက်ကပ်လုပ်ဆောင်ချက်ထိခိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်အခြေအနေရုတ်တရက်ပြောင်းလဲခြင်း၊ ရုတ်တရက် သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်း၊ ခြေလက်များ ဖောရောင်လာခြင်း၊ အရိုးပါးခြင်း၊ ပွခြင်း၊ ကြွက်သားအားနည်းခြင်း၊ သွေးတိုးခြင်း၊ ခုခံအားစနစ်ကျဆင်းခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင် ”**

နောက်ထပ် သတိပြုရမည့်အချက်တစ်ခုမှာ အချို့သောဆေးဝါးများတွင် အနောက်တိုင်းဆေးဝါးများကိုရောနှောထည့်သွင်းထားသော တိုင်းရင်းဆေးအမည်ခံအယောင်ဆောင်ဆေးဝါးများ၊ ဆေးဝါးအတုအပများ ဝယ်ယူအသုံးပြုခြင်းကို အထူးသတိပြုရှောင်ရှားကြရန် လိုအပ်ပါသည်။ အချို့သော တိုင်းရင်းဆေးအမည်ခံ အယောင်ဆောင်ဆေးများတွင် အနောက်တိုင်းဆေးဝါးများဖြစ်သည့် Diclofenac ကဲ့သို့သော Non–Steroidal Anti–Inflammatory Drugs (NSAID) အုပ်စုဝင် အကိုက်အခဲပျောက်ဆေးများ၊ Dexamethasone ကဲ့သို့သော Steroids အုပ်စုဝင်ဆေးများ စသည်တို့ကို ရောနှောထည့်သွင်းထားနိုင်ပါသည်။

ထိုသို့ **အနောက်တိုင်းဆေးဝါးများ ရောနှောပါဝင်နေခြင်းကို စားသုံးသူက မသိရှိပါဘဲ အသုံးပြုမိပါက မိမိသုံးစွဲနေသော ဆေးဝါးအမျိုးအစားနှင့် ပမာဏကို မထိန်းချုပ်နိုင်ခြင်းတို့ကြောင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အစာအိမ်အနာနှင့် အစာအိမ်သွေးယိုစိမ့်ခြင်း၊ ကျောက်ကပ်လုပ်ဆောင်ချက်ထိခိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်အခြေအနေ ရုတ်တရက်ပြောင်းလဲခြင်း၊ ရုတ်တရက်သွေးတွင်း သကြားဓာတ်မြင့်တက်ခြင်း၊ ခြေလက်များ ဖောရောင်လာခြင်း၊ အရိုးပါးခြင်း၊ ပွခြင်း၊ ကြွက်သားအားနည်းခြင်း၊ သွေးတိုးခြင်း၊ ခုခံအားစနစ်ကျဆင်းခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။**

**နောက်ထပ် နမူနာတစ်ခုကို ဖော်ပြရလျှင် တိုင်းရင်းဆေးအမည်ခံ အယောင်ဆောင်အမျိုးသားအားတိုးဆေးအများစုအကြောင်း ဖြစ်ပါသည်။ အဆိုပါဆေးများတွင် ဆရာဝန်ညွှန်ကြားချက်အရ သောက်သုံးရသော Sildenafil, Tadalafil တို့ ရောနှောပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထိုဆေးများ၏ ဘေးထွက်ဆိုးကျိုးမှာ အသက်ရှူရခက်ခဲခြင်း၊ မျက်နှာ၊ နှုတ်ခမ်းများရောင်ရမ်းလာခြင်း၊ ကြွက်သားကိုက်ခဲခြင်း၊ နှာခေါင်းပိတ်ဆို့ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ရုတ်တရက် အမြင်အာရုံ၊ အကြားအာရုံထိခိုက်ဆုံးရှုံးနိုင်ခြင်း၊ ပြင်းထန်အရေပြားပြဿနာဖြစ်နိုင်ခြင်း၊ အကြောဆွဲခြင်း၊ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်လာပြီး အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိ ဖြစ်စေနိုင်ပါသည်။**

ထို့ကြောင့် ပြည်သူများအနေဖြင့် တိုင်းရင်းဆေးဝါးဝယ်ယူသုံးစွဲသည့်အခါ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ပါဝင်ခြင်း ရှိ မရှိကို သေချာစွာ စစ်ဆေးပြီး မည်သည့်ဆေးပစ္စည်းများဖြင့် ပါဝင်ဖော်စပ်ထားသည်ကို သေချာရေရာမသိရှိသော ဆေးဝါးများကို မိမိသဘောဖြင့် ဝယ်ယူသုံးစွဲခြင်း မပြုလုပ်ကြရန်၊ နည်းစနစ်မှန်ကန်စွာအသုံးပြုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်များကလည်း အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် အလို့ငှာ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့် လိုင်စင်များကို စနစ်တကျ စစ်ဆေးစိစစ်ခွင့်ပြုပေးလျက်ရှိပြီး ဈေးကွက်အတွင်း ဖြန့်ချိပြီးနောက် အရည်အသွေး၊ ဘေးကင်းမှု၊ ထိရောက်မှုတို့ကို စောင့်ကြည့်စစ်ဆေးရန်၊ အရည်အသွေးမပြည့်မီသော (သို့မဟုတ်) ဆေးဝါးအတုများကို ဖော်ထုတ်နိုင်ရန် ဈေးကွက်စစ်တမ်းကောက်ယူခြင်း (Post Market Survey) ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်မရှိသော၊ အနောက်တိုင်း ဆေးရောနှောပါဝင်သော အတုအပ၊ အယောင်ဆောင်တိုင်းရင်းဆေးများကို အများပြည်သူတို့ သုံးစွဲခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ သတင်းမီဒီယာများတွင်လည်း ထုတ်ပြန်ကြေညာပေးလျက်ရှိသည့်အပြင် အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း အပြန်အလှန် သတင်းပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

**ဆေးဝါးများဆိုသည်မှာ ရောဂါဝေဒနာများ သက်သာအောင်ကုသရန်အတွက် အသုံးပြုသည့် ဝတ္ထုပစ္စည်းဖြစ်သလို အရည်အသွေးမပြည့်မီပါက၊ နည်းလမ်းမှန်ကန်စွာ အသုံးမပြုပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အရာလည်းဖြစ်သည့်အတွက် အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ထားသောတားမြစ်ဆေးဝါးများကို သတိပြုရှောင်ရှားပြီး ဆေးအညွှန်းတံဆိပ်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်အပါအဝင် အခြေခံသတ်မှတ်ချက် ၁၀ ချက် ဖော်ပြပါရှိသော တိုင်းရင်းဆေးဝါးများကိုသာ ရွေးချယ်ဝယ်ယူအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။** ။

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများ တွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## ပူတာအိုမြို့နယ်အတွင်း စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ပူတာအို အောက်တိုဘာ ၄**

ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း၏ ငါးကန်ပေါင်းကိုးကန် တူးဖော်၍ ရွှေဝါငါးကြင်း၊ ငါးနီ၊ တီလားပီးယား၊ ငါးဂလာ၊ ထိုင်းငါးခုံးမနှင့် မြက်စားငါးကြင်း စုစုပေါင်း ငါးကောင်ရေ ၂၀၀၀ ကျော် တိုးချဲ့မွေးမြူထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ကွင်းဆင်းကြည့်ရှုပြီး ငါးကန်များ ထပ်မံတူးဖော်မွေးမြူနိုင်ရေး၊ စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများကို ဆက်သွယ်စည်းရုံးဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့ပြင် အဆိုပါရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပေးမှုဖြင့် လုပ်ငန်းပုံမှန်လည်ပတ်လျက်ရှိသည့် ရွှေတောင်ခေါက်ဆွဲလုပ်ငန်း၏ လုပ်ငန်းတိုးချဲ့၍ စက်များအဆင့်မြှင့်တင်ကာ အသင့်စားဆန်ခေါက်ဆွဲထုတ်လုပ်မှုကို ကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ တောင်ကျချောင်းရေ အရှိန်ပြင်းထန်မှုကြောင့် ပူတာအို-အထက်ဆန်ဂေါင်-ဇီယာဒမ်းလမ်း (ရေခဲတောင်သွားလမ်း) ချောင်းရေ တိုက်စားမှုအပေါ် ပြုပြင်ဆောင်ရွက်ရေး၊ ရေလမ်းကြောင်းနှင့် ရေစီးကြောင်းထိန်းချုပ်နိုင်ရေး ဒေသရိုးရာအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်သည်။

ဆက်လက်၍ ဆန်ဂေါင်ရေလွှဲဆည်နှင့် ကားလမ်းဘေးရေတိုက်စားမှုအပေါ် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် နန်ကန်တိုရေလွှဲဆည်အခြေအနေတို့ကိုလည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန၏ မွေးမြူရေးသုတေသနစခန်း (ပူတာအိုမြို့)၌ အအေးပိုင်းငါးမျိုးစိတ်များ မျိုးထိန်းသိမ်းခြင်းနှင့် မျိုးပွားခြင်းလုပ်ငန်း၊ ငါးဖောက်ခြင်းစသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တနိုင်းတပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာ စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းက ကြီးမှူး၍ ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အောက်တိုဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေကြည်ပေါက် ကျေးရွာနှင့် အောက်တိုဘာ ၃ ရက်တွင် အမရပူရမြို့ ဆောင်းဒါးရက်ကန်း သင်တန်းကျောင်း ရွှေလွန်းပျံခန်းမနှင့် မန္တလေးမြို့ မင်္ဂလာမန္တလေးဟိုတယ်ခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာရှိ ဆရာမကြီးဗိမာန်တော်၌ အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းနှင့် အဖွဲ့က ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကိုယ်ဝန်ဆောင် မိခင်များ၏ ကျန်းမာရေးအခြေအနေကိုကြည့်ရှုအားပေးကာ ထောက်ပံ့ပစ္စည်းများပေးအပ်၍ UKK စက်ရက်ကန်းစက်ရုံသို့ သွားရောက်လေ့လာသည်။

ဆက်လက်၍ ရေကြည်ပေါက် အထက(ခွဲ)၌ ကျေးလက်နေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပညာရေးထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မသန်စွမ်းသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အသက်(၈၀)နှင့်အထက် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်၍ သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ ဆောင်းဒါးရက်ကန်း သင်တန်းကျောင်း၊ ရွှေလွန်းပျံခန်းမနှင့် မွန်းလွဲပိုင်းတွင် ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး ဟိုတယ်တို့၌ ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာအစီအစဉ်ကို ကျင်းပပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက နှုတ်ခွန်းဆက်စကား ပြောကြားကာ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာအေးရတနာမြင့်က သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုနှင့် ကာကွယ်ရေးဆိုင်ရာ အသိပညာများကိုလည်းကောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် ဒေါက်တာကြူကြူအေးက ရင်သားကင်ဆာဆိုင်ရာ အသိပညာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့ပြင် အသင်း၏ လှုပ်ရှားမှုမှတ်တမ်း Documentary Film ပြသခြင်း၊ သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာအသိပညာပေးဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ပြီး တက်ရောက်လာသူများအား ရင်သားကင်ဆာနှင့်စပ်လျဉ်း၍ ပညာပေးခြင်းနှင့် လက်တွေ့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ အလုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြရာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်နှင့် တာဝန်ရှိသူများက မော်ကွန်းတိုက်နောက်ခံသမိုင်းကြောင်းများနှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် မော်ကွန်းပြခန်းရှိ မော်ကွန်းနမူနာများနှင့် မြန်မာ့သမိုင်းကြောင်းကာလတစ်လျှောက် ထိန်းသိမ်းထားသည့် မော်ကွန်းများအကြောင်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းရေး၏ လုပ်ငန်းများဖြစ်သော စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းအား လေ့လာခြင်း၊ Microfilming အခန်းတွင် မိုက်ခရိုဖလင်၏ အလုပ်လုပ်ပုံအကြောင်းအရာများ၊ ရိုက်ကူးခြင်း၊ အသုံးပြုခြင်းအကြောင်းအရာများနှင့် သုတေသီစာဖတ်ခန်းတို့ကို လိုက်လံပြသ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ပျော်ရွှင်ဖွယ်ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**



❏ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံ၌ တောမီးငြိမ်းသတ်နိုင်ပြီးနောက် ရင်ဂျာနီတောင်တက်လမ်းကြောင်း ပြန်လည်ဖွင့်လှစ်



**ဂျကာတာ အောက်တိုဘာ ၄**

တောမီးလောင်မှုကြောင့် ပိတ်ထားခဲ့သည့် ခရီးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဟု ကြေညာပြီးနောက် အနောက်နူဆာတန်ဂါရာရှိ ရင်ဂျာနီတောင်သို့ တက်ရောက်နိုင်သည့် ဆီနာရုတောင်တက်ခရီးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရင်ဂျာနီတောင် အမျိုးသားဥယျာဉ် အေဂျင်စီက ပြောကြားသည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးတွဲဘေးကင်းရေး သုံးသပ်မှုများ ပြုလုပ်ပြီး အောက်တိုဘာ ၃ ရက်က ယင်းခရီးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း အဆိုပါဥယျာဉ်မှ တာဝန်ရှိသူ အစ်စတီကီတာ အာဒီယာဆီတိုက ပြောကြားသည်။

မီးကို ငြိမ်းသတ်ခဲ့ပြီးဖြစ်သည်ဟု အတည်ပြုချက်ရရှိပြီးနောက် တောင်တက်ခရီးဆိုင်ရာ လိုအပ်သည့်ပံ့ပိုးမှုများနှင့် အခြေခံအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့ရာ တောင်တက်သမားများအနေဖြင့် အွန်လိုင်းမှ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း၎င်းက ပြောကြားသည်။ တိုရီယန်အပန်းဖြေဒေသအတွင်း ဆီတမ်ပိုတောင်၌ စက်တင်ဘာ ၂၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ စက်တင်ဘာ ၂၉ ရက်တွင် ယင်းဒေသ၌ ၁၀၉၈ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယား၌ သဲကန္တာရဖြစ်ထွန်းမှုကို တားဆီးရန် သစ်ပင်သန်း ၁၄၀ စိုက်ပျိုး

**အူလန်ဘာတာ အောက်တိုဘာ ၄**

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း အမျိုးသားအဆင့် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုတစ်ရပ်ကို စတင်သည့်အချိန်မှစကာ နိုင်ငံတစ်ဝန်း သစ်ပင်စုစုပေါင်း သန်း ၁၄၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း အောက်တိုဘာ ၄ ရက် သမ္မတရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် သစ်ပင်တစ်ဘီလီယံထက်မနည်း စိုက်ပျိုးရန် ရည်ရွယ်ထားသည့် ယင်းအမျိုးသားအဆင့် လှုပ်ရှားမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာလက တရားဝင်စတင်လုပ်ဆောင်ခဲ့ပြီး မွန်ဂိုလီးယားသမ္မတ အုခနာ ခူရယ်လ်ဆုခ်သည် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားခဲ့ပြီး သဲကန္တာရဖြစ်ထွန်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုဖြေရှင်းရန် နိုင်ငံ၏ပန်းတိုင်အဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးမှုကို အရှိန်မြှင့်တင်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် မွန်ဂိုလီးယားနိုင်ငံသည် အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများပါဝင်ရန် တိုက်တွန်းထားပြီး နွေဦးရာသီနှင့် ဆောင်းဦးရာသီအတွင်း တစ်နှစ်လျှင် နှစ်ကြိမ် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများကို စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရေနံထုတ်လုပ်မှုကို နိုဝင်ဘာလတွင်လည်း ဆက်လက်ထိန်းသိမ်းသွားမည်ဟု အိုပက်ပလက်စ်ပြောကြား

**ဗီယင်နာ အောက်တိုဘာ ၄**

ရေနံတင်ပို့ရောင်းချသူများအသင်း အိုပက်နှင့် ၎င်း၏ မဟာမိတ်နိုင်ငံများပါဝင်သည့် အိုပက်ပလက်စ် (OPEC+) သည် ၎င်းတို့၏ ရေနံထုတ်လုပ်မှုကို နိုဝင်ဘာလတွင်လည်း ဒုတိယမြောက်လအဖြစ်ဆက်လက်ထိန်းသိမ်းသွားမည်ဟု အိုပက်အဖွဲ့က အောက်တိုဘာ ၄ ရက်တွင် ကြေညာချက်ထုတ် ပြန်ခဲ့သည်။




ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့အပါအဝင် အိုပက်ပလက်စ် (OPEC+) အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ဈေးကွက်အခြေအနေနှင့် စီးပွားရေးအခြေအနေတို့ကို ပြန်လည်သုံးသပ်ရန် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးပြုလုပ်ပြီးနောက် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အိုပက်ပလက်စ် (OPEC+) ၇ နိုင်ငံသည် ယခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ လစဉ်ရေနံထုတ်လုပ်မှုကို တိုးမြှင့်ခဲ့ပြီး အောက်တိုဘာလတွင်မူ ရေနံထုတ်လုပ်မှုတိုးမြှင့်ခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ကြသည်။ နိုဝင်ဘာ ၁ ရက်တွင် ဈေးကွက်အခြေအနေနှင့် အနာဂတ်ဆုံးဖြတ်ချက်များကို သုံးသပ်ရန်အတွက် နောက်ထပ်အစည်းအဝေးပြုလုပ်သွားမည်ဟု သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးဦးသေဆုံးပြီး ၄၃၀၀ ကျော် သဘာဝဘေးဒဏ်သင့်

**ကိုလံဘို အောက်တိုဘာ ၄**

သီရိလင်္ကာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကာ တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးဒဏ်ခံစားရသည့် လူပေါင်း ၄၃၆၀ ရှိသည်ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာက အောက်တိုဘာ ၄ ရက်တွင် ပြောသည်။

ထိခိုက်ခံစားရသူများမှာ ခရိုင် ၁၇ ခုရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးနယ်မြေ ၁၂၅ ခုမှဖြစ်ကြပြီး ရာသီဥတုဆိုးရွားမှုကြောင့် နေအိမ် ၆၁၇ လုံး ပျက်စီးခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာ၌ ဩဂုတ်လအထိ စက်သုံးဆီတင်သွင်းမှု အသုံးစရိတ် ၆၀ ရာခိုင်နှုန်းကျော် မြင့်တက်လာ

**ကိုလံဘို အောက်တိုဘာ ၄**

သီရိလင်္ကာနိုင်ငံ၏ စက်သုံးဆီတင်သွင်းမှုအသုံးစရိတ်သည် ယခုနှစ်ပထမရှစ်လအတွင်း သိသာစွာမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇ ဘီလီယံအထိ ရှိလာကြောင်း သီရိလင်္ကာဗဟိုဘဏ်၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသမီဒီယာများက အောက်တိုဘာ ၄ ရက်တွင် ဖော်ပြထားသည်။

အဆိုပါအသုံးစရိတ်သည် ယမန်နှစ်အလားတူကာလက ကုန်ကျခဲ့သော အသုံးစရိတ် ၂ ဒသမ ၅၂ ဘီလီယံထက် ၁ ဒသမ ၅၅ ဘီလီယံပိုမိုများပြားခဲ့ပြီး ၆၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဒေသတွင်း Ada Derana သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဩဂုတ်လ တစ်လတည်းတွင် စက်သုံးဆီတင်သွင်းမှုကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၄၅၀ ဒသမ ၆ သန်းရှိပြီး ယမန်နှစ် ဩဂုတ်လက ကုန်ကျခဲ့သည့် အသုံးစရိတ်ထက် ၇၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထို့အပြင် သီရိလင်္ကာနိုင်ငံတွင် ဩဂုတ်လအတွင်း စုစုပေါင်းကုန်ပစ္စည်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ထက် ၁၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ ယခုနှစ် ပထမရှစ်လအတွင်း စုစုပေါင်းကုန်ပစ္စည်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၆ ဘီလီယံအထိရှိပြီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဆော်ဒီအာရေဗျနိုင်ငံရှိ ရေနံကုမ္ပဏီကို ဟူသီတို့ တိုက်ခိုက်

**ဆာနား အောက်တိုဘာ ၄**

ယီမင်နိုင်ငံရှိ ဟူသီတို့က ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ နိုင်ငံပိုင်ရေနံကုမ္ပဏီကို တိုက်ခိုက်နိုင်ခဲ့သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ရီယာ့ဒ်မြို့ရှိ ကုမ္ပဏီပိုင်အဆောက်အအုံတစ်ခုအနီး မီးခိုးများထွက်လာပြီးနောက် အောက်တိုဘာ ၃ ရက်တွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်များနှင့် ဒရုန်းများဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ပစ်မှတ်နေရာများတွင် မီးလောင်မှုများ ဖြစ်ပေါ်ခဲ့သည်ဟု ဟူသီတို့က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဟူသီတို့ဘက်မှ ဆော်ဒီနိုင်ငံအနောက်တောင်ပိုင်းသို့ပစ်လွှတ်လိုက်သည့် ပဲ့ထိန်းဒုံးကျည်များကို အောက်တိုဘာ ၂ ရက်က ကြားဖြတ် ဟန့်တားနိုင်ခဲ့ကြောင်း ဆော်ဒီနိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

ဆော်ဒီကို ကျောထောက်နောက်ခံပြုထားသည့် ယီမင်ကြားဖြတ်အစိုးရကို ဟူသီတို့က ထိုးစစ်ဆင်တိုက်ခိုက်မှုပြုလုပ်နေပြီး ဟူသီတို့သည် ၎င်းတို့ထိန်းချုပ်ရာနယ်မြေကို Bab el-Mandeb ရေလက်ကြားဝန်းကျင်အထိ တိုးချဲ့ရန် ကြိုးပမ်းနေသည်။

အဆိုပါရေလမ်းကြောင်းမှာ ပင်လယ်နီဝင်ပေါက်တွင်တည်ရှိပြီး ဟော်မုဇ်ရေလက်ကြားအတွက် အခြားရွေးချယ်စရာလမ်းကြောင်းတစ်ခုအဖြစ်အသုံးပြုနိုင်သည့် ရေလမ်းကြောင်းလည်းဖြစ်သည်။ ယင်းကဲ့သို့ဖြစ်ရပ်များကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ကို နိုင်ငံအများစုက စိုးရိမ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဘော်စတွန်သို့ ပျံသန်းသည့် ခြောက်ဦးပါ ဆေးဘက်ဆိုင်ရာလေယာဉ် အဆက်အသွယ်ပြတ်တောက်နေ

**ဝါရှင်တန် အောက်တိုဘာ ၄**

လူခြောက်ဦးလိုက်ပါသည့် ဆေးဘက်ဆိုင်ရာလေယာဉ်တစ်စင်းသည် ဘာမြူဒါမှ ဘော်စတွန်သို့ပျံသန်းစဉ် အောက်တိုဘာ ၃ ရက်က အဆက်အသွယ်ပြတ်တောက်သွားကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲရေးဌာနက Gulfstream G100 လေယာဉ်နှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ယင်းနေ့နံနက် ၂ နာရီဝန်းကျင်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ကို အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။ ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်း၏လေကြောင်းနှင့် ရေကြောင်းရှာဖွေရေးအဖွဲ့များသည် နန်တက်ကတ် ကမ်းလွန်ပင်လယ်ပြင်တွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။




ပျောက်ဆုံးလေယာဉ်ကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ရဟတ်ယာဉ်များအသုံးပြုကာ ရှာဖွေရေးဆောင်ရွက်စဉ်။

အဆိုပါ ပျောက်ဆုံးလေယာဉ်သည် ကနေဒါဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ Latitude Air Ambulance မှ ဝန်ဆောင်မှုပေးသည့် လေယာဉ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ကျောင်းသား ကျောင်းသူ လေးဦး ဓာတ်လိုက်မှုဖြစ်ပွား

**မနီလာ အောက်တိုဘာ ၄**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဝါယန်မြို့ရှိ စာသင်ကျောင်းတစ်ခုတွင် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ကျောင်းသား ကျောင်းသူလေးဦး ဓာတ်လိုက်မှု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဓာတ်လိုက်မှုကို နံနက် ၆ နာရီ မိနစ် ၂၀ တွင် သတင်းရရှိခဲ့ကြောင်းနှင့် ကနဦး စုံစမ်းတွေ့ရှိချက်များအရ ကျောင်းသား ကျောင်းသူလေးဦးသည် လေပူဖောင်း အမြှုပ်ထုတ်စက်ဘေးတွင် ဆော့ကစားနေစဉ် ဓာတ်လိုက်ခံခဲ့ရခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

**ဆင်ဟွာ**

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

# ပြန်မရနိုင်တဲ့ရတနာ သို့မဟုတ် အချိန်- (၁၀)

မေ

အချိန်ဆိုတာ လူတိုင်းအတွက် ၂၄ နာရီ ညီတူညီမျှရရှိထားတဲ့ ပြန်မရနိုင်တဲ့ ရတနာပါ။ ငွေကြေးဥစ္စာဆုံးရှုံးရင် ပြန်ရှာလို့ရပေမယ့် ကုန်လွန်သွားတဲ့ စက္ကန့်တွေကိုတော့ ဘယ်တော့မှ ပြန်ဝယ်လို့မရနိုင်ပါဘူး။



ဒါကြောင့် အချိန်ကို တန်ဖိုးထားတတ်ခြင်းဟာ လူတစ်ယောက်ရဲ့ တာဝန်ယူမှုနဲ့ စည်းကမ်းရှိမှုကို ဖော်ပြပေးပါတယ်။

ချိန်းဆိုထားတဲ့အချိန်ကို တိတိကျကျလိုက်နာတာ၊ အလုပ်တာဝန်တွေကို သတ်မှတ်ချိန်အတွင်း ပြီးအောင်ဆောင်ရွက်တာတို့က ရိုးရှင်းပေမယ့် အရေးကြီးတဲ့ အက်တီကက်တွေဖြစ်ပါတယ်။ ကိုယ်တိုင်အချိန်တိကျခြင်းက ကိုယ့်ရဲ့အရည်အချင်းကို ဖော်ပြရုံတင်မကဘဲ အခြားသူတွေရဲ့ အချိန်ကိုပါ တန်ဖိုးထားကြောင်း ပြသလိုက်တာဖြစ်ပါတယ်။

တစ်ခါတလေ မဖြစ်မနေ မမျှော်လင့်ဘဲ နောက်ကျရောက်ခြင်းမျိုး ကြုံတွေ့ရနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကြိုတင်အသိပေးတာ၊ အကြောင်းပြချက်ကို ယဉ်ကျေးစွာ ရှင်းပြတာတို့က အလွန်အရေးကြီးပါတယ်။ အချိန်ကို မလေးစားခြင်းက တစ်ဖက်လူရဲ့ အစီအစဉ်တွေကို ဖျက်ဆီးလိုက်တာနဲ့ အတူတူပါပဲ။

အချိန်တန်ဖိုးထားခြင်းဆိုတာ အလုပ်ကိစ္စတွေအတွက်တင် မဟုတ်ပါဘူး။ မိသားစု၊ သူငယ်ချင်းတွေနဲ့ ဆက်ဆံရာမှာလည်း အရေးကြီးပါတယ်။ ကိုယ့်အချိန်ကို စနစ်တကျစီမံတတ်ခြင်းနဲ့ အခြားသူတွေရဲ့ အချိန်ကို လေးစားပေးခြင်းက လူမှုဆက်ဆံရေး ကောင်းမွန်စေမယ့် အကျင့်ကောင်းတစ်ခု ဖြစ်ပါတယ်။

## တာချီလိတ်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၄**

တာချီလိတ်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်က ပါကောင်ကျေးရွာ



အုပ်စုရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်တို့က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် မိမိတို့၏ လုပ်ငန်းတာဝန်များ၊ ပြည်သူများ သိရှိလိုသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် မေးမြန်းချက်များနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ရွှေမြိုင်သူ(ပြန်/ဆက်)

## မြို့သစ်မြို့နယ်၌ မြို့နယ်အဆင့်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**မြို့သစ် အောက်တိုဘာ ၄**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ အမှတ်(၂)နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က မြို့နယ်အဆင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် သုံးသပ်ဆွေးနွေးရမည့်အချက်များ ပြောကြားပြီး ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **အထွေး**

## ဝိုင်းမော်မြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ဝိုင်းမော် အောက်တိုဘာ ၄**

ဝိုင်းမော်မြို့ ရွှေနဒီခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၆)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော သင်တန်းသားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်သန့်က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



သင်တန်းကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တိုက်ကြီးခရိုင်အဆင့် ဓမ္မစကြာဒေသနာတော်နှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်၌ ခရိုင်အဆင့်ဓမ္မစကြာ ဒေသနာတော်နှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂ ရက်က ခရိုင်ပညာရေးမှူးရုံး ခရိုင်ပညာခန်းမ၌ ကျင်းပရာ အကဲဖြတ်ဒိုင်အဖွဲ့က ဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဓမ္မစကြာရွတ်ဆိုပြိုင်ပွဲနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသည့်ကျောင်းများ၊ ဓမ္မစကြာအမွန်း အကောင်းဆုံးဆုနှင့် ပဋ္ဌာန်းအမွန်း အကောင်းဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်

**ပန်းတောင်း အောက်တိုဘာ ၄**

ပန်းတောင်းမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရွှေရည်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ကြသည်။ လပြည့်လင်း(ပြန်/ဆက်)



မြစ်သားမြို့နယ်အတွင်းရှိ ကာရာအိုကေဆိုင်(KTV)များ၌ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာ ၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။ ဝါဝါမြင့်(မြစ်သား)



သနပ်ပင်မြို့နယ် မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) ဆင်းပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများကို ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။ ညိုပြာ(ပြန်/ဆက်)

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၈)

## စိုက်ပျိုးမွေးမြူရေးဆိုင်ရာစာကြည့်တိုက်များ (အပိုင်း-၃) ဂျာမနီနှင့် ဩစတြေးလျနိုင်ငံတက္ကသိုလ်များ စာကြည့်တိုက်

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)



ကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာစားရန်နေရာ။

ဩစတြေးလျ၊ ဂျာမနီ၊ နယ်သာလန်နှင့် အာဆီယံနိုင်ငံအချို့ စသည့်ကမ္ဘာ့နိုင်ငံများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ်မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုကိုလေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ စာကြည့်တိုက်များအကြောင်း ဆက်လက်ဆွေးနွေးလိုပါသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလက ဂျာမနီနိုင်ငံသို့ ပထမဦးဆုံးအကြိမ်သွားရောက်စဉ်က ဂျာမန်ဘာသာရပ်နှင့် စကားပြော (German Language) ကို တစ်လုံးတစ်ပါဒမျှ နားမလည်သေးပါ။ သို့သော် ဂီးဆန့်တက္ကသိုလ်(Giessen University) တွင် ပါရဂူဘွဲ့သင်တန်းတက်နေသော ဒေါက်တာခင်မာချိုက စာရေးသူကို ဖရန့်ဖွတ်အပြည်ပြည်ဆိုင်ရာလေဆိပ် (Frankfurt International Airport) အထိ လာကြိုပေးပြီး ကျောင်းတက်မည့် ကက်ဆယ်တက္ကသိုလ် ဝပ်ဆင်ဟောင်ဆင်နယ်မြေ (Kassel University, Witzenhausen Campus) အထိ လိုက်ပို့ခဲ့ပါသည်။

မီးရထားဘူတာကို စာရေးသူ၏ဆရာကိုယ်တိုင် (အသက်နှစ်နှစ်ငယ်ပါသည်။ ) စက်ဘီးနှင့် လာကြိုပြီး မိမိခရီးသွားအိတ် (Luggage) ကို သူ့စက်ဘီးနောက်မှတင်ကာ နေထိုင်မည့်အဆောင်အထိ လမ်းလျှောက်သွားခဲ့ရသည်ကို အမှတ်တရရှိနေပါသည်။ စာရေးသူတို့နယ်မြေရှိသော ဝပ်ဆင်ဟောင်ဆင်မြို့ (Witzenhausen) လေးက အလွန်ငြိမ်သက်ပြီး ချစ်စရာကောင်းသော မြို့ငယ်လေးပါ။ ဈေးမှအစ မဝယ်တတ်တော့ သူတို့ဆီက နာမည်ကြီး အာဒီ (ALDI Shopping Centre) ဈေးဝယ်သည့်နေရာမှာ ဒေါက်တာခင်မာချိုကိုပဲ နှိပ်စက်အကူအညီတောင်းပြီး ဈေးဝယ်ပြီးမှ ဂီးဆင့် (Giessen) ကို ပြန်ဟူ၍ ပြောခဲ့ရပါသည်။

ဒီတစ်ခါ ပါရဂူဘွဲ့တက်ရောက်ရင်း စာကြည့်တိုက်အသုံးပြုပုံက ပုံစံတစ်မျိုးဖြစ်သွားပါပြီ။ စာကြည့်တိုက်ကက်တလောက် (Library Cata – logue) ကို အင်တာနက်အွန်လိုင်းမှ မှာယူကြည့်၍ စာရေးသူတို့ဌာန သီးနှံသိပ္ပံဌာန (Institute of Crop Science – ယခုတော့ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် သီးနှံပတ်ဝန်းကျင်စနစ်ဆိုင်ရာ သုတေသနဌာန – Organic Plant Production and Agroe–cosystems Research in the Tropics and Sub–Tropics) သို့ အရောက်ပေးပို့သည့်စနစ်ဖြစ်ပါသည်။ စာကြည့်တိုက်သို့ လူကိုယ်တိုင်သွားစရာမလိုတော့ပါ။

နောက်တစ်ခုက ကက်ဆယ်တက္ကသိုလ်တွင် စာကြည့်တိုက်အဆောက်အအုံခွဲပေါင်း (Branches of Kassel University Library) ခုနစ်ခုရှိပါသည်။ ဂျာမနီနိုင်ငံ တစ်နိုင်ငံလုံး ပို့ဆောင်ရေးစနစ်က အလွန်ကောင်းမွန်သဖြင့် ကက်ဆယ်နှင့် ဂိုတင်ဂန်တက္ကသိုလ် (Gottingen University) ရှိ စာကြည့်တိုက်များသို့ သွားရောက်ရာတွင် စာရေးသူတို့အား နှစ်ဝက်လက်မှတ်(Semester Tickets for Stu–dents) ပေးထားသဖြင့် ကြိုက်သည့်ဒေသရထား (Regional Trains)၊ မြို့ပတ်ရထား (Tram – ဂျာမန်အခေါ် – Strassenbahn ) တက်စီးစီး ပိုက်ဆံထပ်ပေးစရာမလိုတော့ပါ။ (ဂိုတင်ဂန်တက္ကသိုလ်ရှိရာ ပြည်နယ်တွင်တော့မရပါ။ )

ဂိုတင်ဂန်တက္ကသိုလ် စာကြည့်တိုက်ကလည်း အကြီးကြီးဖြစ်ပြီး အဆောင်ငါးဆောင်၊ အထပ်ခုနစ်ထပ်ရှိပါသည်။ မြေအောက်ထပ်တွင် စာအုပ်အသစ်များထားပါသည်။ စာရေးသူတို့ မြို့လေးနှင့်နီး၍ ရထားခလည်း ပေးစရာမလိုတော့သဖြင့် စနေ၊ တနင်္ဂနွေအားလပ်ရက်တိုင်း ရောက်ဖြစ်ပါသည်။

ဂိုတင်ဂန်တွင် စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် အခြားတက္ကသိုလ်မှ မြန်မာကျောင်းသား ကျောင်းသူများစွာရှိ၍လည်း မကြာခဏရောက်ရှိ ညအိပ်ကာ အပန်းဖြေဖြစ်ပါသည်။ စနေနေ့ သူတို့တက္ကသိုလ်၏ စားသောက်ခန်းမ (Student Cafeteria ဂျာမန်အခေါ် Mensa) မှာ နေ့လယ်စာစားရာ တယူရိုကျော်ကျော်နှင့် စားသောက်ဖွယ်ရာတစ်ပွဲမှာ၊ ကြိုက်နှစ်သက်ရာ အသားငါးတစ်ပွဲ၊ အာလူး၊ အသီး၊ ဒိန်ချဉ် (Yoghurt) စသည်ဖြင့် စနစ်တကျ အာဟာရဓာတ်ကို တွက်ချက်စီမံထားသဖြင့် တစ်နပ်စာပြီးပြည့်စုံပါသည်။

စနေနေ့တိုင်းလောက်နီးနီး ထိုတက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းလောက်မှစတင်၍ ဂျာနယ်မှ သုတေသနစာစောင်များ၊ အကြံပြုစာတမ်းများကို တက္ကသိုလ်တိုင်း၊ ကျောင်းသားအဖြစ်မှတ်ပုံတင်ပြီးလျှင် ထိုတက္ကသိုလ်မှ အွန်လိုင်းဂျာနယ်များကို ပုံမှန်လစဉ်ကြေး၊ နှစ်စဉ်ကြေးပေးသွင်းပြီးပါက မိမိအခန်းရှိ ကွန်ပျူတာမှနေ၍ တက္ကသိုလ်ကိုယ်ပိုင်အီးမေးလ်နှင့် ကျောင်းသားမှတ်ပုံတင်အမှတ်သုံးပြီး လွှဲပြောင်းကူးယူ၍ မိမိအခန်းမှာပင် ပုံနှိပ်ထုတ်ယူဖတ်ရှုနိုင်ပါသည်။

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင်တော့ ယခင်စာကြည့်တိုက်မှူး ဒေါ်ဝင်းလဲ့လဲ့သန်းလက်ထက်ကတည်းက ကိုရီးယားအစိုးရ အထောက်အပံ့ (Korean International Development Agency – KOICA) ဖြင့် စာကြည့်တိုက်ရှိစာအုပ်များကို ဒီဂျစ်တယ်ကက်တလောက် (Digital Catalogue) ထဲတွင်သွင်းပြီး အင်တာနက်မှ လိုချင်သောစာအုပ်ရှိမရှိ ရှာဖွေနိုင်ပါသည်။ စာအုပ်ငှားရင်တော့ စာကြည့်တိုက်သို့ ကိုယ်တိုင်သွားရောက်ရပါမည်။

၂၀၁၈ ခုနှစ် နောက်ပိုင်းက စာရေးသူ ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ် ပြန်ရောက်သွားရာ ဇီဝသိပ္ပံစာကြည့်တိုက် (UQ Biological Science Library)၌ ပုံနှိပ်စာအုပ်တစ်အုပ်မှ မရှိတော့ပါ။ အဆောက်အအုံတစ်ခုလုံး ဒီဂျစ်တယ်စာကြည့်တိုက်ဖြစ်သွားပါပြီ။ အကုန်လုံး အွန်လိုင်းမှငှားရမ်း၊ မိမိကွန်ပျူတာထဲသို့ထည့်သွင်း၊ သို့မဟုတ် တီဗွီလောက်ကြီးကြီး ကွန်ပြူတာဖန်သားပြင်မှာဖတ် ကြိုက်သလိုလုပ်၍ရပါသည်။ ကျောင်းသားတိုင်း Laptop Computer တစ်လုံးစီတော့ ဝယ်ကြရပါသည်။ အောက်တွင်စားသောက်ဆိုင်ရှိပြီး ဆာလျှင် ကော်ဖီသောက်၊ အဆာပြေမုန့်စား၊ စာဆက်တိုက်ဖတ်၍ ပင်ပန်းသွားပါက ဆိုဖာထိုင်၍ သီချင်းသံလေးနှင့် အနားယူနိုင်ပါသည်။ (**သို့သော် စာကြည့်တိုက်တစ်ခုလုံး ကြည့်ရှုသူကျောင်းသား ကျောင်းသူ အပြည့်ဖြစ်ပါသည်။**)

စာရေးသူတို့နိုင်ငံ စိုက်ပျိုးရေးဆိုင်ရာ စာကြည့်တိုက်အများစုမှာ အွန်လိုင်းဂျာနယ်မရသေးပါ။ (အချို့တော့ရပြီထင်ပါသည်။ ) ၂၀၁၅ ခုနှစ်လောက်က ကော်နယ်တက္ကသိုလ်မှ တီထွင်ထုတ်လုပ်သော စိုက်ပျိုးရေးဆိုင်ရာ အီလက်ထရောနစ်စာကြည့်တိုက် (TEEAL – The Essential Electronic Agricultural Library) သည် အင်တာနက်မလိုဘဲ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဂျာနယ်များအရေအတွက် ၂၀၀ ခန့်ကို ကူးယူနိုင်သော စီမံကိန်းတစ်ခု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ရှိခဲ့ပါသည်။ ဤစနစ်က ၂၀၂၂ ခုနှစ်ဆိုလျှင် ၂၀၂၀ ပြည့်နှစ်လောက်အထိ ကူးပေးထားပါသည်။ နှစ်နှစ်လောက်တော့နောက်ကျပါသည်။ အလွန်အဖိုးတန်သော စာတမ်း၊ သုတေသနတွေ့ရှိချက်များ ပါဝင်ပါသည်။

နယ်သာလန်နိုင်ငံ ဝက်ဂံနီဂန်တက္ကသိုလ်နှင့် သုတေသနဌာန (Wageningen University and Research – WUR) ကဲ့သို့ ပုံစံမျိုး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနတို့စုပေါင်းပြီး ပြုလုပ်လျှင်လည်း ရပါသည်။ တက္ကသိုလ်ဘက်က ဂျာနယ်တချို့မှာယူ၊ သုတေသနဘက်က ဂျာနယ်တချို့မှာယူပြီးလျှင် စာကြည့်တိုက်ပေါင်းစည်းရေးစနစ်ပုံစံ (Inter–Library Loan)နှင့် ကျောင်းဆရာ ဆရာမ သုတေသနပညာရှင်၊ ကျောင်းသား ကျောင်းသူဟူ၍ မခွဲခြားတော့ဘဲ ရှိသောအရင်းအမြစ်များကို အတူတကွ မျှဝေအသုံးပြုခြင်းပါ။

အမျိုးသားပညာရေးမူဝါဒကော်မရှင် (National Education Policy Commission – NEPC) ကို စာရေးသူရောက်ရှိသွားတော့ ရန်ကုန်မြို့ တက္ကသိုလ်အသီးသီးရှိ စာကြည့်တိုက်များသို့ လေ့လာရေးသွားခဲ့ပါသည်။ စာကြည့်တိုက်ဆိုတာ သုံးစွဲသူများပြားနေမှ တန်ဖိုးကတက်တာပါ။ စာရေးသူသဘောအကျဆုံးစာကြည့်တိုက်မှာ ဆေးတက္ကသိုလ် (၁) ရန်ကုန်ပါ။ စာရေးသူတို့သွားလေ့လာသည့်အချိန် ညနေပိုင်း ၄-၅ နာရီလောက်အထိ စာကြည့်သူ၊ စာဖတ်သူ၊ စာဆွေးနွေးနေသူ (စာဆွေးနွေးခန်းလေး – Discussion Room တွေလည်း မှန်အကြည်အကာနှင့် ပြုလုပ်ပေးထားသဖြင့်) ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ဆွေးနွေးနေသည်ကို လှမ်းမြင်နေရပါသည်။ သို့သော် စာကြည့်တိုက်အခန်းနှင့် အဆောက်အအုံကတော့ နိုင်ငံတကာတက္ကသိုလ်များနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်နေပါသေးသည်။

**❝ အမျိုးသားပညာရေးမူဝါဒကော်မရှင် (National Education Policy Commission - NEPC) ကို စာရေးသူရောက်ရှိသွားတော့ ရန်ကုန်မြို့ တက္ကသိုလ်အသီးသီးရှိ စာကြည့်တိုက်များသို့ လေ့လာရေးသွားခဲ့ပါသည်။ စာကြည့်တိုက်ဆိုတာ သုံးစွဲသူများပြားနေမှ တန်ဖိုးက တက်တာပါ။ စာရေးသူသဘောအကျဆုံး စာကြည့်တိုက်မှာ ဆေးတက္ကသိုလ် (၁) ရန်ကုန်ပါ။ စာရေးသူတို့ သွားလေ့လာသည့်အချိန် ညနေပိုင်း ၄-၅ နာရီလောက်အထိ စာကြည့်သူ၊ စာဖတ်သူ၊ စာဆွေးနွေးနေသူ (စာဆွေးနွေးခန်းလေး - Discussion Room တွေလည်း မှန်အကြည်အကာနှင့် ပြုလုပ်ပေးထားသဖြင့်) ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ဆွေးနွေးနေသည်ကို လှမ်းမြင်နေရပါသည်။ သို့သော် စာကြည့်တိုက်အခန်းနှင့် အဆောက်အအုံကတော့ နိုင်ငံတကာတက္ကသိုလ်များနှင့် နှိုင်းယှဉ်လျှင် အလွန်သေးငယ်နေပါသေးသည် ❞**

**စာရေးသူ၏အတွေး**

စာရေးသူတို့အဖွဲ့သည် နေပြည်တော်အမျိုးသားစာကြည့်တိုက်အပါအဝင် နေပြည်တော်ရှိ စာကြည့်တိုက်တော်တော်များများကို လေ့လာကြည့်ရှုခဲ့ပါသည်။ အမျိုးသားစာကြည့်တိုက်သည် အဆောက်အအုံကျယ်ဝန်း၊ လေအေးပေးစက်ရှိ၊ နေရာကျယ်ဝန်းပြီး စာအုပ်၊ စာနယ်ဇင်းများစွာရှိနေသော်လည်း စာကြည့်တိုက် အသုံးပြုသူနည်းပါးနေသေးသည်ကို သတိထားမိပါသည်။ စာရေးသူထင်မြင်ချက်ကတော့–

အဓိက စာဖတ်မည့်သူ၊ စာကြည့်တိုက်ကို လာရောက်ကြည့်ရှုသူများပြားလာအောင် ဆောင်ရွက်ရပါမည်။ (စာရေးသူ၏ ကိုယ်ပိုင်ထင်မြင်ယူဆချက်ဖြစ်ပါသည်။)

*စာမျက်နှာ ၁၇ သို့*

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၄**

သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(သပြေကုန်း)နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၃)(သပြေကုန်း)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

**သတင်းစဉ်**

## သီပေါ-သိမ်ကုန်းဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပါရမီဆွမ်းတော်ကြီး ကပ်လှူပွဲကျင်းပမည်

**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျောင်းစုကျေးရွာအုပ်စု ဘဏ္ဍာသိမ်ကုန်းသာသနာ့နယ်မြေ၌ ရှေးစော်ဘွားအဆက်ဆက်တို့ တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် ရှေးဟောင်းသိမ်ကုန်းဘုရားစေတီတော်မြတ်အား ရှမ်းရိုးရာထုံးတမ်းအစဉ်အလာများနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပါရမီဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ဂေါစဂါမ်ရပ်ရွာများဖြစ်သော ကျောင်းစု၊ ရွာသစ်၊ ဇာတ်စု၊ တုံစင့်၊ ညောင်ကိုးပင်၊ နားမုံစသည့် ကျေးရွာများမှ စုပေါင်း၍ ဘဏ္ဍာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဇာနေယျ ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အောက်တိုဘာ ၁၁ ရက် (၁၃၈၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက်)တွင် မြတ်စွာဘုရားအား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ကုသိုလ်ပါဝင်နိုင်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

**စိုင်း(သီပေါ)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

*စာမျက်နှာ ၁၆ မှ*

(၁) တက္ကသိုလ်များတွင် ကျင့်သုံးနေသည့် စာသင်စနစ်၊ စာမေးပွဲစနစ်မှာ သင်ခန်းစာမှတ်စုကို အင်္ဂလိပ်လိုရိုက်ထုတ်ပေး၊ စာသင်ခန်းထဲမှာ ဆရာ ဆရာမက မြန်မာလိုရှင်းပြ၊ စာမေးပွဲဖြေတော့ အင်္ဂလိပ်လိုပြန်ဖြေဆိုတော့ စာကြည့်တိုက်အသုံးပြုပြီး မိမိအတွေးအခေါ်ရှင်းပြ၊ အချက်အလက်များဖြင့် ဖြေကြားရမှု မပါဝင်တော့ပါ။ အလွတ်ကျက် (Rote Learning, Memorizing) ကြပါတော့သည်။

(၂) သုတေသနများကလည်း ဘွဲ့ကြိုကျောင်းသားကျောင်းသူအများစုအတွက် တီထွင်ဖန်တီးရမှုနည်းပါးနေခြင်းဖြစ်နေပါသည်။ ဘွဲ့လွန်သင်တန်းများတွင်တော့ တစ်ဦးတည်း ဆောင်ရွက်ရပါသည်။ (ဒီကြားထဲ ကောလာဟလဖြစ်ပါသည် - တချို့နေရာများတွင် သုတေသန ကြမ်းကူရေးပေးခြင်း (Thesis Writing)၊ လုပ်ငန်းမှန်သမျှ ဆောင်ရွက်ပေးခြင်း (Assignment Writing) ကို ငွေကြေးယူပြီး ဝန်ဆောင်မှုများရှိနေတော့ ကျောင်းသား ကျောင်းသူအများစုက မိမိကိုယ်တိုင် အားမထုတ်တော့ပါ။)

(၃) ယနေ့ခေတ် ဉာဏ်ရည်တုပညာ (AI) ကလည်း ကျောင်းသား ကျောင်းသူများကို တလွဲသုံးစေပြီး ဉာဏ်ရည်တုအပေါ်တွင် လုံးဝမှီခိုကာ ကူးချ (Copy and Paste) ခြင်း၊ မိမိအတွေးအခေါ်ကို မသုံးဖြစ်တော့ဘဲ အမှားများစွာဖြစ်ပေါ်စေပါသည်။ နိုင်ငံတကာတွင်တော့ ဉာဏ်ရည်တုအပါအဝင် အခြားသူ၏ ရေးသားမှု တိုက်ရိုက်ကူးယူခြင်းကို စစ်ဆေးသည့်စနစ် (Plagiarism Checking System) ရှိပါသည်။ တီထွင်နိုင်စွမ်းရည်ကိုလည်း အားပေးသည့် သင်ကြားရေးစနစ်ရှိပါသည်။

**စာရေးသူဆောင်ရွက်စေချင်တာကတော့ -**

(က) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းစာမေးပွဲများတွင် မိခင်ဘာသာ မြန်မာစာ/ မြန်မာလိုဖြင့် အတွေးအခေါ်ကို ဖော်ထုတ်ပြသရသော စာစီစာကုံးရေးသားသည့်စနစ် (Open Questions Essay Writing Systems with Mother Language)၊ မသိရသောမေးခွန်းများ (Unseen Questions) ကို ၅၀ ရာခိုင်နှုန်း (50% Compulsory Questions) ထည့်ပြီး ယနေ့ခေတ်ပေါ် သင်ကြား/ သင်ယူစီမံခန့်ခွဲမှုစနစ် (LMS_Learning Management System) ဖြင့် စစ်ဆေးမည်ဆိုပါက ဆရာ ဆရာမများ၏ အချိန်ကိုလည်း အများကြီးမကုန်စေဘဲ တကယ်တော်သော၊ တွေးခေါ်မှုစွမ်းရည်ရှိသော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ (စာကြည့်တိုက်၊ အင်တာနက်များကိုလည်း မသုံးမဖြစ်သုံးလာရပါလိမ့်မည်။ စာကြည့်တိုက်ရှိ ကွန်ပျူတာများတွင် လူမှုကွန်ရက် (Social Media e.g. Facebook, TikTok, etc.) သုံးမရအောင်တော့ ပြုလုပ်ထားရပါမည်။)

(ခ) စာကြည့်တိုက်များတွင် အခမဲ့အင်တာနက် (Free Internet, IoT, Free Wi-Fi)၊ အေးဆေးငြိမ်သက်သောနေရာ (Quiet Rooms with Air-conditioning)၊ ဆွေးနွေးခန်းများ (Discussion Rooms) ဖြည့်ဆည်းပေးထားရပါမည်။

(ဂ) အမျိုးသားစာကြည့်တိုက်အပါအဝင် စာကြည့်တိုက်များအနီးတွင် လန်းဆန်းစာ (Refreshment Facilities e.g. Coffee Shops, Lump Sum Foods, Snacks) အတွက် ဈေးချိုကော်ဖီဆိုင်ကလေးများ ထားပေးရပါမည်။

(ဃ) ဥပမာ - နေပြည်တော်ရှိတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သုတေသနဌာနများအားလုံး စာကြည့်တိုက်အချင်းချင်း ငှားရမ်းပေးသည့်စနစ် (Inter-Library Loan Systems for some Places) ထားရှိပေးခြင်း (စာအုပ်များ မပျောက်အောင်တော့ စနစ်ရှိရပါမည်။)

(င) နေ့စဉ် (သို့မဟုတ်) ရုံးပိတ်၊ ကျောင်းပိတ်ရက်များတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စာကြည့်တိုက်များသို့ အခမဲ့ (သို့) အထူးနှုန်းလှည့်လည်ပို့ဆောင်ပေးသည့် လွန်းပြန်ဘတ်စ်များ (Free or Discount Rate Shuttle Buses for both weekdays and weekend _ Library Tours) ထားပေးခြင်း ဆောင်ရွက်ပေးနိုင်ပါက ပိုမိုကောင်းမွန်ပါသည်။

(စ) စာကြည့်တိုက်မှ စာများဖတ်ရှုပြီး တစ်လတစ်ခါ စာပေပြိုင်ပွဲ (Literacy Contest based on Reading Knowledge from Libraries e.g. Speech, Writing, etc. Contest) များ ကျင်းပပေးခြင်း၊ ဆုချပေးခြင်းအားဖြင့် နိုင်ငံတကာစာကြည့်တိုက်များကဲ့သို့ စာဖတ်သူဦးရေ တိုးတက်လာပြီး **အတွေးအခေါ်ကောင်းသည့် လူငယ်မျိုးဆက်သစ်များ** တိုးပွားလာကြမလားဟု တွေးနေမိပါသည်။ ။

# UFC 332 တွင် ဝမ်ချုန်းကို အနိုင်ယူပြီး အမျိုးသမီးဖလိုင်းဝိတ်တန်းချန်ပီယံဖြစ်လာသည့် နာတာလီယာ



အမေရိကန်ပြည်ထောင်စု ယူတားပြည်နယ် ဆော့တ်လိတ်မြို့ရှိ Delta Center ၌ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC 332 ပြိုင်ပွဲ၏ ခေါင်းပွဲတွင် ဘရာဇီးသူ နာတာလီယာဆီးလ်ဗားက တရုတ်ဖိုက်တာ ဝမ်ချုန်းကို ဒိုင်များ၏ တညီတညွတ်တည်း အမှတ်ပေးမှုဖြင့် အနိုင်ရရှိပြီး အမျိုးသမီး ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ကနဦးတွင် ကာဂျစ်စတန်ဖိုက်တာ ဗယ်လန်တီယာရှက်ဗ်ရှန်ကိုနှင့် ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ရှက်ဗ်ရှန်ကို ဒဏ်ရာရရှိခဲ့သည့်အတွက် ပျက်ပြယ်ခဲ့ခြင်း ဖြစ်သည်။

ငါးမိနစ် ငါးချီယှဉ်ပြိုင်ရသည့် အဆိုပါ ချန်ပီယံခါးပတ်လုပွဲတွင် ဆီးလ်ဗားက ၎င်း၏ လျင်မြန်သော လှုပ်ရှားမှုများ၊ တိကျသေချာသည့် ထိုးချက်၊ ကန်ချက်များနှင့်အတူ ပြိုင်ဘက် ဝမ်ချုန်းကို အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။ ဝမ်ချုန်းသည် နောက်ပိုင်းအချီများတွင် ဆီးလ်ဗားကို ပြန်လည်ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း အားပါပြင်းထန်သည့် ထိုးချက်၊ ကန်ချက်များ လုပ်ဆောင်နိုင်ခြင်း မရှိသည့်အတွက် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၉ နှစ်ရွယ် နာတာလီယာသည် ယခုအနိုင်ပွဲကြောင့် UFC ပြိုင်ပွဲတွင် ကိုးပွဲထိုးသတ်ပြီး ကိုးပွဲစလုံးနိုင်ပွဲရရှိသည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည့်အပြင် ၂၀၁၇ ခုနှစ် နောက်ပိုင်း MMA ကစားသမားဘဝ ၁၅ ပွဲဆက် နိုင်ပွဲရရှိသည့် မှတ်တမ်းတစ်ရပ်လည်း ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပထမဆုံးအမျိုးသမီးခေါင်းပွဲစဉ် ဖြစ်ကြောင်း သိရသည်။

ဒုခေါင်းပွဲအဖြစ် ထိုးသတ်ခဲ့သည့် ဘန်တန်ဝိတ်တန်းပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ပေတန်တားဘော့လ်က ဘရာဇီးဖိုက်တာ ဖေဂူရီဒိုကို ပထမအချီတွင် အလဲထိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

# လာမည့် ၁၂ လ အတွင်း ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ချင်ကြောင်း ကွန်စတန်တင်အူရ်ဆူ ပြော

ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးသည့် ဖြိုတိန်ဝဲလ်တာဝိတ်တန်းချန်ပီယံ ကွန်စတန် တင်အူရ်ဆူသည် လာမည့် ၁၂ လ အတွင်း ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ချင်ကြောင်း ပြောကြားလိုက်သည်။

ဓနသဟာယ ချန်ပီယံဆုကိုလည်း ရရှိထားသည့် အသက် ၂၆ နှစ်အရွယ် အူရ်ဆူသည် ဩဂုတ်လအတွင်း ဘန်ဖော်ဂန်ကို ရှစ်ချီမြောက်တွင်အလဲထိုးဖြင့် အနိုင်ယူကာ ၎င်း၏ ခါးပတ်များကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ အသက် ၁၈ နှစ်အရွယ်ကတည်းက ပလိုင်းမောက်မြို့တွင် အခြေချနေထိုင်ခဲ့သူဖြစ်သော မော်လ်ဒိုဗာနွယ်ဖွား အူရ်ဆူသည် မတ်လတွင် အိုဝင်ကူပါကို အမှတ်ဖြင့် အနိုင်ယူပြီး လွန်းဒေးလ်ခါးပတ်ကို ရရှိထားသည်။



ဖြိုတိန်ဝဲလ်တာဝိတ်တန်းချန်ပီယံ ကွန်စတန်တင်အူရ်ဆူ

# ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သည့်အတွက် တရုတ်အိုးပင်း ၃၂ ဦးအဆင့်မှ ဆာဘယ်လင်ကာ ထွက်ရပြီ



ကမ္ဘာ့အဆင့် (၂)ဘယ်လာရုစ်တင်းနစ်မယ် အာရီနာ ဆာဘယ်လင်ကာသည် အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည့် တရုတ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးတွင် ချက်ဇ်တင်းနစ်မယ် နီကိုလာ ဘာတွန်ကိုဗာကို ၄-၆၊ ၃-၆ ရလဒ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

တရုတ်အိုးပင်းပြိုင်ပွဲသည် ဒဗလျူတီအေ ၁၀၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းအဆင့် တင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ သို့သော်လည်း ဆာဘယ်လင်ကာနှင့်အတူ ကမ္ဘာ့နံပါတ်တစ် ကာဇက်စတန်တင်းနစ်မယ် အယ်လီနာ ရီဘာကီနာလည်း ၆၄ ဦးအဆင့်တွင် အယ်လီနာ ချာရာအဲဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ဆောလျင်စွာ ထွက်ခွာခဲ့ရပြီး ဖြစ်သည်။

တရုတ်အိုးပင်းပြိုင်ပွဲတွင် ထိပ်တန်းတင်းနစ်မယ် နှစ်ဦး ၁၆ ဦးအဆင့်အထိ တက်လှမ်းနိုင်ခြင်း မရှိဘဲ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းမှာ ၂၀၁၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။

တရုတ်အိုးပင်းကွာတားဖိုင်နယ်သို့ ဘာတွန်ကိုဗာအပါအဝင် နော့စကိုဗာ၊ အန်ဒရေဗာ၊ အဲလက်စ်ဇန်ဒရိုဗာ၊ အိုဆာကာစသည့် နာမည်ကြီး တင်းနစ်မယ်များ တက်လှမ်းထားနိုင်ပြီ ဖြစ်သည်။

ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။

# ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ရေးကလို့စ် အသက် ၅၇ နှစ်အရွယ်တွင် ကွယ်လွန်

မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်စ်မြို့တွင် မွေးဖွားခဲ့သော ထင်ရှားကျော်ကြားသည့် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ရေးကလို့စ်သည် အသက် ၅၇ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီ ဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့သော ရေးကလို့စ်သည် မြောက်အိုင်ယာလန်နိုင်ငံမှ ပေါ်ထွက်လာသည့် ပါရမီအရှိဆုံး လက်ဝှေ့သမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသူ ဖြစ်သည်။ ၎င်းသည် အပျော်တမ်း လက်ဝှေ့လောကတွင် အောင်မြင်မှုများစွာ ရရှိပြီးနောက် ၁၉၈၈ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်အဆင့်သို့ ကူးပြောင်းခဲ့သူ ဖြစ်သည်။

၎င်းသည် ၁၉၉၃ ခုနှစ် မတ်လ ၁၇ ရက် (စိန့်ပက်ထရစ်နေ့) တွင် EBU စူပါ မစ်ဒယ်ဝိတ်ချန်ပီယံဆုကို ရရှိခဲ့သည်။ ၎င်း၏ လက်ဝှေ့ကစားသမားဘဝတစ်လျှောက် ခရစ္စအူးဘန့်ခ်နှင့် ထိုးသတ်သည့်ပွဲစဉ်မှာ ပရိသတ်စိတ်ဝင်စားမှု အများဆုံးရရှိသည့်ပွဲစဉ် ဖြစ်ကြောင်း သိရသည်။ ရေးကလို့စ်သည် ပရော်ဖက်ရှင်နယ်အဆင့် ပွဲစဉ် ၃၅ ပွဲစလုံးတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သော အူးဘန့်ခ်နှင့် ၁၉၉၃ ခုနှစ်တွင် WBO စူပါ မစ်ဒယ်ဝိတ်ကာကွယ်ပွဲအဖြစ် ထိုးသတ်ခဲ့ရာ ဒိုင်အဆုံးအဖြတ်တွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

နောက်တစ်နှစ်အကြာတွင် ရေးကလို့စ်သည် အူးဘန့်ခ်နှင့် ဘဲလ်ဖတ်စ်မြို့၌ မကျေပွဲတွင် ထိုးသတ်ခဲ့သော်လည်း ဒိုင်အဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သည်။ ၎င်း၏ ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝတစ်လျှောက်တွင် ၂၅ ပွဲနိုင်၊ သုံးပွဲ ရှုံး၊ တစ်ပွဲသရေကျခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်

# အမေရိကန်အသင်းသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးဂိုးသွင်းသူ ဖြစ်လာသည့် ဆာလဗန်



ကာဗန်ဆာလဗန်သည် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အမေရိကန်က မက္ကဆီကိုအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် အမေရိကန်အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် ယခင်စံချိန်တင်ထားသည့် အဲဘတ်၏ ၁၇ နှစ်နှင့် ၁၃၁ ရက်စံချိန်ကို ၁၇ နှစ်နှင့် ငါးရက်ဖြင့် ချိုးဖျက်ကာ စံချိန်မှတ်တမ်းသစ် ရေးထိုးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လက်ရှိတွင် မေဂျာလိဂ်ကလပ် ဖီလာဒဲလ်ဖီးယားအသင်းတွင် ကစားနေသူဖြစ်ပြီး လာမည့်ရာသီတွင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

# ကမ္ဘာ့အဆင့် (၂) ဇဗဲရက်ကို အနိုင်ယူပြီး တရုတ်အိုးပင်းဆီမီးဖိုင်နယ် ဂျိုကိုဗစ် တက်ရောက်

နာမည်ကြီး ဆားဘီးယားတင်းနစ်အကျော်အမော် နိုဗက်ခ်ဂျိုကိုဗစ်သည် အောက်တိုဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် တရုတ်အိုးပင်းတင်းနစ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့် (၂) ဂျာမနီတင်းနစ်ကစားသမား ဇဗဲရက်ကို ၄-၆၊ ၆-၄၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဂျိုကိုဗစ်နှင့် ဇဗဲရက်တို့သည် ၂၀၂၅ ခုနှစ် ပြင်သစ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်၌ နောက်ဆုံးတွေ့ဆုံရာတွင်လည်း ဂျိုကိုဗစ်ကပင် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ယူအက်စ် အိုးပင်းပြိုင်ပွဲတွင် ဂရင်းဆလမ်းဆုဖလားကို နောက်ဆုံး ဆွတ်ခူးထားသော အသက် ၃၉ နှစ်အရွယ် ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်အကျော်အမော် မက်ဗီဒက်ဗ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မက်ဗီဒက်ဗ်သည် ကွာတားဖိုင်နယ်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား ဖရန်စစ္စကို ဆဲလ်ရွန်ဒိုလိုကို ၇-၆ (၇-၄)၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသူဖြစ်သည်။



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Parallel Adjective (အပြိုင်နာမဝိသေသန)အကြောင်းကို ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk on the phone–3 (ဖုန်းဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

ယခင်အပတ် Exercise (1) မှအဖြေများ

1. We sat in the shiny, new car that Ali has just bought.
2. Jenny is an honest, truthful person whom you can trust.
3. We brought the undernourished, abused dog home and nursed it back to health.
4. We do not want to watch the long and boring play.
5. I saw the rude, uncouth man shouting loudly.
6. We walked down the old, rickety stairs apprehensively.
7. Paul lifted the bulky and heavy package with great difficulty.
8. Our teacher helped us with the tricky and difficult questions.
9. We looked at the tall, imposing building in awe.
10. The kind and helpful girl helped the old woman across the road.

Exercise (2) မှ possible answer (ဖြစ်နိုင်သောအဖြေများ)

1. outgoing and friendly
2. obedient and lovable
3. witty and amusing
4. cool and clean
5. rude and unfriendly
6. long, boring
7. proud, haughty
8. spoilt and pampered
9. tall, graceful
10. playful and mischievous

**Parallel Adjective (အပြိုင်နာမဝိသေသန)**

The + Comparative ................. the + Comparative ပြိုင်တူ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ပြလိုသည့်အခါ Parallel Adjective (အပြိုင်နာမဝိသေသန) **The + Comparative ..............the + Comparative** ပုံစံမျိုးသုံးသည်။ ဥပမာ–

- The older the man, the wiser he becomes.
- The better the watch, the more it will cost.
- The more leisure we have, the happier we are.

**Comparative Adjective joined by "and"**

And နှင့်ဆက်သည့် နှိုင်းယှဉ်မှုကိုဖော်ပြသော နာမဝိသေသန

တဖြည်းဖြည်း တိုးတက်ပြောင်းလဲဖြစ်ပေါ်လာခြင်းကို ဖော်ပြပြောဆိုသည့်အခါ Comparative Adjective (နှိုင်းယှဉ်မှုကို ဖော်ပြသော နာမဝိသေသန)နှစ်လုံးကို "And" ဖြင့် ဆက်ပြီး သုံးရသည်။ ဥပမာ–

- The night becomes darker and darker.
- We become more and more interested in the story.
- The weather is getting colder and colder.
- The world is getting warmer and warmer.

**Degree of Adjective Forming Rules**

➢ Degree of Adjective ဖွဲ့စည်းပုံ**D1 မှ D2, D3 ပြောင်း 'er' 'est' ပေါင်း**

ဥပမာ –

| D1 | D2 | D3 |
|---|---|---|
| as big as | bigger than | the biggest of |
| as black as | blacker than | the blackest of |
| as tall as | taller than | the tallest of |

➢ သုံးသံနဲ့ သုံးသံထက်ပိုတဲ့ **Adjective (နာမဝိသေသန) များကို D2 ပြောင်းရင် 'more' ကိုပေါင်း၊ D3 ပြောင်းရင်'most' ကိုပေါင်း**

➢ တချို့ 'ful' နဲ့ဆုံးတဲ့ **Adjectives များကို D2 ပြောင်းရင် 'more' ကိုပေါင်း၊ D3 ပြောင်းရင် 'most' ကိုပေါင်း**။ ဥပမာ–

| D1 | D2 | D3 |
|---|---|---|
| as beautiful as | more beautiful than | most beautiful |
| as careful as | more careful than | most careful |
| as helpful as | more helpful than | most helpful |
| as difficult as | more difficult than | most difficult |
| as important as | more important than | most important |

➢ ပုံသဏ္ဌာန်မမှန်တဲ့ **Irregular Adjective များကို ပြောင်းလဲရာတွင် ပုံသေနည်းမရှိသည့်အတွက် အထူးတလည် မှတ်သားရမည်။ ဥပမာ–**

| D1 | D2 | D3 |
|---|---|---|
| as good as | better than | the best |
| as many as | more than | the most |
| as far as | farther than | the farthest |

**အောက်တွင် အသုံးများသော Comparative နဲ့ Superlative Adjectives များ၏ ဖွဲ့စည်းပုံကို ဖော်ပြလိုက်သည်။**

| D1 | D2 | D3 |
|---|---|---|
| as big as | bigger than | the biggest of |
| as black as | blacker than | the blackest of |
| as bold as | bolder than | the boldest of |
| as brave as | braver than | the bravest of |
| as bright as | brighter than | the brightest of |
| as busy as | busier than | the busiest of |
| as clean as | cleaner than | the cleanest of |
| as clear as | clearer than | the clearest of |
| as clever as | cleverer than | the cleverest of |
| as cold as | colder than | the coldest of |
| as cool as | cooler than | the coolest of |

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **blue blood = (တော်ဝင်မျိုးရိုး)**
   She comes from **blue blood.**
   သူ(မ)က တော်ဝင်မျိုးရိုးက ဆင်းသက်လာတာ။
2. **body and soul = (အားလုံးကို ပေးအပ်ပြီး၊ စိတ်နှစ်ပြီး)**
   He worked **body and soul.**
   သူက အားလုံးကို ပေးအပ်ပြီး အလုပ်လုပ်ခဲ့တယ်။
3. **bone of contention = (အငြင်းပွားစရာ)**
   Money is the **bone of contention.**
   ပိုက်ဆံက အငြင်းပွားစရာပဲ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk on the phone – 3 (ဖုန်းဘယ်လိုပြောမလဲ)

ဒီတစ်ပတ်မှာတော့ ဖုန်းခေါ်ဆိုတဲ့အခါ ကိုယ်ပြောချင်သူနဲ့မတွေ့ဘဲ(သို့) မရှိဘဲ သတင်းစကားချန်ထားရမယ့် အခြေအနေမျိုးမှာ (leaving messages) ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk on the phone–3" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

*Would you like to leave a message?*
*Should I get him to call you back later?*
*Can I leave him a message?*
*Please make sure ....*
*Could you ask him ...*

၁။ ဖုန်းဆက်လိုက်လို့ ကိုယ်ပြောချင်တဲ့သူနဲ့ မတွေ့တာမျိုး ဖြစ်တတ်ပါတယ်။ အဲလိုအချိန်မှာ တစ်ဖက်က သတင်းစကား ချန်ထားခဲ့စေချင်သလားလို့ ပြောချင်ရင်တော့ –

– Would you like to leave a message? ဆိုပြီး ပြောနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ သူ့ကိုဘာပြောပေးလိုက်ရမလဲ။ သို့မဟုတ် သတင်းစကားချန်ထားခဲ့မလားပဲ ဖြစ်ပါတယ်။

၂။ သူ့ကိုပြန်ခေါ်ဖို့ ပြောပေးရမလားဆိုပြီး ပြောချင်ရင်တော့ –

– Should I get him to call you back later? ဆိုပြီး ပြောနိုင်ပါတယ်။

၃။ သူ့အတွက် သတင်းစကားချန်ထားလို့ရမလား သို့မဟုတ် သူ့အတွက် အမှာပါးလို့ရမလားလို့ မေးချင်ရင်တော့ ဒီလိုမေးနိုင်ပါတယ်။

– Can I leave him a message?

၄။ ကိုယ်ပြောတဲ့အကြောင်းအရာက အရေးကြီးတယ်။ သူ့ကို ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျိန်းသေစေချင်တယ်ဆိုရင်တော့ –

– Please make sure ... ဆိုပြီး ပြောနိုင်ပါတယ်။

၅။ သူ့ကို ပြောပေးနိုင်မလားဆိုပြီး ပြောချင်ရင်တော့ –

– Could you ask him ... ဆိုပြီး ပြောနိုင်ပါတယ်။

**Daily Conversation**

**Can I leave him a message?**

**Joe:** Hello, Winner Language Centre, can I help?

**Sue:** Hello, this is Sue. I'm calling for Robert. Is he available?

**Joe:** Unfortunately he's busy at the moment. Would you like to leave a message, or should I get him to call you back later?

**Sue:** Umm... Can I leave him a message? It's quite important.

**Joe:** Of course.

**Sue:** Could you ask him to double check the exam centers for students? He'll know what I mean.

**Joe:** Very well. Anything else?

**Sue:** No, that's everything, but do please make sure he gets it as soon as possible.

**Joe:** I'll pass your message on as soon as he's free.

**Sue:** Thank you.

**Joe:** Would you also like him to call you back?

**Sue:** Yes, please. If you could get him to call me at my office that would be wonderful.

**Joe:** No problem at all.

**Sue:** Thanks so much.

**Joe:** You're welcome, bye-bye now!

**Sue:** Bye!

**Language Focus**

သူ့ကို ပြောပေးလို့ရမလား။ သူ့အတွက် သတင်းစကားချန်ထားလို့ရမလား။ ကျွန်တော့်အတွက် ဒါလေးပြောပေးနိုင်မလား။ သူ့ကို ဒါလေးပေးသိစေချင်ရုံလေးပါ။ စသည်ဖြင့် ပြောချင်ရင်တော့ အောက်မှာ ဖော်ပြထားတဲ့ စကားပြောပုံစံတစ်မျိုးမျိုးကို ပြောနိုင်ပါတယ်။

- *Can I take a message?*
- *Should I give him a message?*
- *Can I leave him a message?*
- *Could you pass on a message for me?*
- *Can you ask him to ...?*
- *Could you tell her that ...?*
- *Just let him know that ...*

ကိစ္စကအရေးကြီးတယ်။ ဒါကြောင့် သေသေချာချာလေးပြောပေးပါလို့ ပြောချင်ရင်တော့ အောက်မှာ ဖော်ပြထားတဲ့အတိုင်းလည်း ပြောနိုင်ပါတယ်။

- It's urgent, so please tell her as soon as you can.

ကိစ္စကအရေးမကြီးဘူး။ သူ့ကို သိစေချင်ရုံလေးပဲဆိုရင်တော့ အောက်မှာဖော်ပြထားတဲ့အတိုင်း ပြောနိုင်ပါတယ်။

- It's not urgent, so just let him know when he's free.

## ရေကြည်မြို့နယ်အတွင်း ကျေးရွာများရှိ လက်တူးတွင်း၊ စက်တပ်တုံကင်တွင်းများအား တွင်းဆေးလေမှုတ်ခြင်းဆောင်ရွက်

ရေကြည် အောက်တိုဘာ ၄

ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေကြည်မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၄၉ ရွာ၌ မြစ်ရေဝင်ရောက်မှုများကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများရှိကျေးရွာနေပြည်သူများ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေ အခက်အခဲများ ပြေလည်စေရေး လက်တူးတွင်း၊ စက်တပ်တုံကင်တွင်းများအား တွင်းဆေးလေမှုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများ မကျရောက်စေရေး ကလိုရင်းဆေးခတ်ခြင်း၊ Hygiene Kit နှင့် Tulip များဖြန့်ဝေပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများက မောင်လှရိုးကျေးရွာနှင့် ဒေါင့်ကြီးရွာကျေးရွာတို့ တွင်းဆေးလေမှုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သန်းလွင်(မကွေး)



## ဝမ်းတွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဝမ်းတွင်း အောက်တိုဘာ ၄

ဝမ်းတွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၃၀ ရက်က ဆောင်ရွက်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိစေရန်နှင့် ဖြစ်ပေါ်လာချိန်တွင် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို သတိပြုလိုက်နာဆောင်ရွက်တတ်စေရန်အတွက် ရပ်ကွက်၊ ကျေးရွာများကို မီးသတ်ယာဉ်များဖြင့် အသိပညာပေးဆော်သြပေးခြင်း လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

မိတ္ထီလာ အောက်တိုဘာ ၄

မိတ္ထီလာမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးသော တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က မင်းရွာကျေးရွာ၌ ကျင်းပရာ မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းမြတ်ခိုင်က ကြက်သွန်နီစိုက်ပျိုးသော တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြက်သွန်နီမျိုးစေ့ထုတ်လုပ်ရေး၊ ပိုးမွှားရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ ပိုးသတ်ဆေးခတ်ကြွင်းများအကြောင်း ဆွေးနွေးပြောကြားသည်။



သိန်းမြင့်ကျော်(မိတ္ထီလာ)

## ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

ရွှေပြည်သာ အောက်တိုဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဆင်းပွဲကို အောက်တိုဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကိုကိုတို့က ဆုရသင်တန်းသားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးသီဟက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ အား စက်တင်ဘာ ၇ ရက်မှအောက်တိုဘာ ၂ ရက်အထိ စာတွေ့လက်တွေ့သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)



## စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းကျင်းပ

သထုံ အောက်တိုဘာ ၄

သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတဖွံ့ဖြိုးစေရေးအတွက် လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်က လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် အားကစား၊ ကျွန်ုပ်အနှစ်သက်ဆုံးစာအုပ်တစ်အုပ် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ထို့နောက် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဝန်ထမ်းများနှင့် တွေ့ဆုံ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ချုပ်ဒေါ်ငြိမ်းငြိမ်းဝင်း၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အောက်တိုဘာ ၂ ရက်က မော်လမြိုင်ကျွန်းမြို့နယ် စာရင်းစစ်ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်း ဆောင်ရွက်မှုများနှင့် ရုံးတွင်းလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စီမံချက်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်နိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ကြရေး၊ မြို့နယ်ရုံးများ၌ (ဌစ) သင်တန်းနှင့် Bookkeeping သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန် ရုံးတွင်းစာကြည့်တိုက်ထားရှိနိုင်ရေးတို့ကို မှာကြားခဲ့သည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့်အဖွဲ့က ဝန်ထမ်းများအား ကြက်ဥများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။



ရဲကိုမောင်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ငရုတ်ကောင်းပျိုးပင်များ ပျိုးထောင်စိုက်ပျိုး

ပန်းတောင်း အောက်တိုဘာ ၄

ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများက ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးရန်အတွက် မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်း ပျိုးအိတ်များ မြေထည့်ခြင်း၊ ငရုတ်ကောင်း ပျိုးကိုင်းများဖြတ်ပြီး ပျိုးအိတ်များအတွင်းသို့ ထည့်၍ ပျိုးထောင် ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ငရုတ်ကောင်းပင်များ အောင်မြင်ဖြစ်ထွန်းစွာ ရှင်သန်ကြီးထွားနိုင်ရေးအတွက် မျိုးပွားရန်သင့်လျော်သည့် အကိုင်းများကို ရွေးချယ်ဖြတ်တောက်ခြင်း၊ စိုက်ပျိုးရန်အတွက် မြေဆီမြေနှစ်များပြင်ဆင်ခြင်းနှင့် ပျိုးအိတ်များအတွင်း မြေထည့်သွင်းခြင်း၊ ရေလောင်းခြင်းနှင့် အပင်များကို လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ကြခဲ့သည်။

လပြည့်လင်း(ပြန်/ဆက်)



လပွတ္တာမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပစေရန် အောက်တိုဘာ ၃ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



ထန်းတပင် အောက်တိုဘာ ၄

ထန်းတပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံမှုမဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ယမန်နေ့နံနက်က အုတ်တွင်းတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့ဝင်များ၊ ထန်းတပင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူအင်အား ၁၅၀ ခန့်တို့က ဆိပ်ကြီးရပ်ကွက်ရှိ ထန်းတပင်-တပြေးလမ်းဘေး ဝဲ/ယာတစ်လျှောက် ရေနုတ်မြောင်းတူးဖော်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် အောက်တိုဘာ ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း စခန်း ၃၂ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5– 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၂ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိကြောင်း တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

**ပုံ (၂)၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၇.၀ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၇.၂ |
| ၃ | လားရှိုး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၈ |
| ၅ | မိုင်းဆတ် | ၇.၀ |
| ၆ | ကျိုင်းတုံ | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၀ |
| ၈ | ဟားခါး | ၆.၉ |
| ၉ | ညောင်ဦး | ၆.၇ |
| ၁၀ | မုံရွာ | ၆.၅ |
| ၁၁ | ပျဉ်းမနား | ၆.၉ |
| ၁၂ | ပြင်ဦးလွင် | ၇.၁ |
| ၁၃ | ကလေးဝ | ၆.၆ |
| ၁၄ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ |
| ၁၅ | မှော်ဘီ | ၆.၆ |
| ၁၆ | မကွေး | ၇.၀ |
| ၁၇ | အောင်လံ | ၆.၅ |
| ၁၈ | လှိုင်ကော် | ၆.၇ |
| ၁၉ | စစ်တွေ | ၆.၅ |
| ၂၀ | ပြည် | ၆.၅ |
| ၂၁ | ပဲခူး | ၆.၅ |
| ၂၂ | တောင်ငူ | ၆.၇ |
| ၂၃ | ပုသိမ် | ၆.၅ |
| ၂၄ | မအူပင် | ၆.၅ |
| ၂၅ | ဟသ်ာတ | ၆.၇ |
| ၂၆ | မော်လမြိုင် | ၆.၅ |
| ၂၇ | ဘီးလင်း | ၆.၈ |
| ၂၈ | ဘားအံ | ၆.၈ |
| ၂၉ | ကော့ကရိတ် | ၆.၇ |
| ၃၀ | ထားဝယ် | ၆.၅ |
| ၃၁ | မြိတ် | ၆.၇ |
| ၃၂ | ကော့သောင်း | ၆.၆ |

# ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် အောက်တိုဘာ ၄**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ စက်တင်ဘာလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ စက်တင်ဘာလအတွင်းတွင် ကောင်းမွန်သော အဆင့်၌ ၂၁ ရက်၊ အသင့်အတင့် အဆင့်၌ ၉ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေး အခြေအနေ ($PM_{2.5}$)မှာ စက်တင်ဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၀ ရက်နှင့် အသင့်အတင့် အဆင့်၌ ရက် ၂၀ ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်၊ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ပုသိမ်မြို့၌ MSME လုပ်ငန်းများအတွက် AI အသုံးပြု၍ ဈေးကွက်ရှာဖွေခြင်းသင်တန်းဖွင့်

**ပုသိမ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီမှ ကြီးမှူးကျင်းပသည့် MSME လုပ်ငန်းများအတွက် AI နည်းပညာအသုံးပြု၍ ဈေးကွက်ရှာဖွေခြင်းသင်တန်းကို ယနေ့တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီအတွင်းရေးမှူး၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

MSME လုပ်ငန်းရှင်များ အနေဖြင့် AI နည်းပညာကို နားလည်သဘောပေါက် လက်တွေ့အသုံးချနိုင်ပြီး မိမိတို့ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဈေးကွက်သို့ ထိရောက်စွာ ထိုးဖောက်နိုင်မည့် AI အခြေပြု Digital Marketing တတ်မြောက်စေရန်နှင့် အချိန်တိုအတွင်း ဈေးကွက်ရှာဖွေရေး ကမ်ပိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သင်တန်းဆရာမ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)၊ ပါမောက္ခဌာနမှူး၊ ကွန်ပျူတာ သိပ္ပံမဟာဌာနမှ ဒေါက်တာ ခင်လေးသွင်က သင်တန်းပို့ချမည့် သင်ခန်းစာအကြောင်းအရာများကို မိတ်ဆက်ပြောကြားပြီး သင်တန်းကို ဆက်လက်သင်ကြားပို့ချခဲ့ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဧရာဝတီ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၇၀ တက်ရောက်ကြကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး (မြို့ပြ)၊ တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကံရိုး-ကောင်းမှုတော်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများက အဆိုပါလမ်းအား ဆောလျင်စွာအသုံးပြုနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၄-၁၀-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၃၇.၄ | ၉၉.၃ |
| ၂။ | ညောင်ဦးမြို့ | ၃၇.၀ | ၉၈.၆ |
| ၃။ | သာစည်(လှိုင်းတက်) | ၃၇.၀ | ၉၈.၆ |
| ၄။ | မြင်းမူမြို့ | ၃၇.၀ | ၉၈.၆ |
| ၅။ | မြင်းခြံမြို့ | ၃၆.၉ | ၉၈.၄ |
| ၆။ | ကျောက်ဆည်(လွန်ကျော်) | ၃၆.၅ | ၉၇.၇ |
| ၇။ | မကွေးမြို့ | ၃၆.၅ | ၉၇.၇ |
| ၈။ | မန္တလေးမြို့ | ၃၆.၄ | ၉၇.၅ |
| ၉။ | သာယာဝတီမြို့ | ၃၆.၃ | ၉၇.၃ |
| ၁၀။ | စစ်ကိုင်းမြို့ | ၃၆.၂ | ၉၇.၂ |

# ပန်းတနော်မြို့နယ်၌ ခွေးရူးရောဂါ ကာကွယ်ဆေး(အခမဲ့) ကွက်ပြည့်ထိုးနှံပေး

**ပန်းတနော် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ၌ "Mass Dog Vaccination Programme" သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး (အခမဲ့) ကွက်ပြည့်ထိုးနှံခြင်း အစီအစဉ် (ပထမနှစ်) ကွင်းဆင်း ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ သဲစုခိုင်တို့က ခွေးရူးပြန်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ကာကွယ်ဆေး ထိုးနှံခြင်း၏ ကျန်းမာရေးဆိုင်ရာ အရေးပါပုံများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ချောင်းကလေးကျေးရွာ၊ ကျုံပတောကျေးရွာနှင့် သိမ်ကုန်းကျေးရွာတို့အတွင်းရှိ ဒေသခံပြည်သူများ မွေးမြူထားသည့် ခွေးနှင့်ကြောင် စုစုပေါင်း အကောင်ရေ ၂၀၀ ကို ခွေးရူးရောဂါကာကွယ်ဆေးများ (အခမဲ့) ကွက်ပြည့် ဆက်လက်ကွင်းဆင်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## တမူးမြို့၌ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တမူး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် ဈေးတန်းရပ်ကွက်(က) အသင်းနှင့် ဈေးတန်းရပ်ကွက်(ခ) အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ဈေးတန်းရပ်ကွက်(က)အသင်းက ဈေးတန်းရပ်ကွက်(ခ)အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဆုရရှိသည့် အသင်းများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကျော်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားသမားများ၊ နည်းပြများ၊ အသင်းအုပ်ချုပ်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးခဲ့သည်။



**ရတနာ(တမူး)**



# ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ကြစို့ ....

**လူတစ်ဦး၏ တန်ဖိုးကို အပြင်ပန်းအသွင်အပြင်၊ ပညာအရည်အချင်း သို့မဟုတ် လူမှုအဆင့်အတန်းတစ်ခုတည်းဖြင့် တိုင်းတာ၍ မရနိုင်ပါ။ အသိပညာကို မှန်ကန်စွာ အသုံးချနိုင်ခြင်း၊ အခြားသူများအပေါ် လေးစားမှုရှိခြင်း၊ တာဝန်ယူတတ်ခြင်းနှင့် အခက်အခဲများကြားတွင် မိမိ၏အခြေခံတန်ဖိုးများကို ထိန်းသိမ်းနိုင်ခြင်းတို့သည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံများဖြစ်သည်။**

*ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)*

မြန်မာ့လူမှုအဖွဲ့အစည်းတွင် ရှေးအစဉ်အဆက်ကတည်းက အပြင်ပန်းအလှအပထက် အတွင်းစိတ်၏ ကောင်းမြတ်မှုကို တန်ဖိုးထားသည့် အယူအဆများ ရှိခဲ့ကြသည်။ ထိုအမြင်ကို စိတ်ပညာ၊ ပညာရေးနှင့် လူမှုဘဝလိုအပ်ချက်များနှင့် ပေါင်းစပ်လေ့လာခြင်းဖြင့် လူငယ်များအတွက် မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၊ အပြုအမူကောင်းများ တည်ဆောက်ခြင်းနှင့် တာဝန်ယူမှုရှိသော နိုင်ငံသားဘဝသို့ လျှောက်လှမ်းခြင်းတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ယနေ့ခေတ်လူငယ်များအနေဖြင့် အသိပညာနှင့် အတတ်ပညာများကို ရှာဖွေဆည်းပူးရာတွင် ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ လေးစားမှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းတို့ကိုလည်း တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသင့်**

**အသိပညာသည် ဘဝလမ်းကို ဖွင့်ပေးနိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်မှုသည် ထိုလမ်းကို တာဝန်ရှိစွာ လျှောက်လှမ်းနိုင်ရန် လမ်းညွှန်ပေးနိုင်**

### ကိုယ်ရည်ကိုယ်သွေးဆိုသည်မှာ အဘယ်နည်း

ကိုယ်ရည်ကိုယ်သွေး (Personality) ဆိုသည်မှာ လူတစ်ဦး၏ စိတ်နေသဘောထား၊ အတွေးအခေါ်၊ ခံစားချက်၊ အပြုအမူ၊ တန်ဖိုးထားမှု၊ မိမိကိုယ်ကိုမြင်ပုံနှင့် လူမှုဘဝအတွင်း လိုက်လျောညီထွေစွာ ရပ်တည်ဆောင်ရွက်ပုံတို့ကို ပေါင်းစပ်ဖော်ပြသည့် စိတ်ပညာဆိုင်ရာ သဘောတရားတစ်ရပ် ဖြစ်သည်။ American Psychological Association ၏ ရှင်းလင်းချက်အရ ကိုယ်ရည်ကိုယ်သွေးသည် လူတစ်ဦး၏ ဘဝအခြေအနေများနှင့် ထူးခြားစွာ လိုက်လျောညီထွေဖြစ်စေသော ရေရှည်တည်တံ့သည့် လက္ခဏာများနှင့် အပြုအမူပုံစံများ၏ ပေါင်းစည်းမှုဖြစ်သည်။

Personality ဟူသော ဝေါဟာရသည် လက်တင်ဘာသာစကား persona နှင့် ဆက်နွှယ်သည်ဟု ယေဘုယျအားဖြင့် ရှင်းပြကြသော်လည်း စိတ်ပညာဆိုင်ရာ အဓိပ္ပာယ်မှာ အပြင်ပန်းအသွင်အပြင် တစ်ခုတည်းထက် ပိုမိုကျယ်ပြန့်သည်။ လူတစ်ဦး၏ စကားပြောပုံ၊ ဝတ်စားဆင်ယင်ပုံနှင့် လူမှုဆက်ဆံရေးပုံစံတို့သည် ကိုယ်ရည်ကိုယ်သွေး၏ မြင်သာသော အစိတ်အပိုင်းများဖြစ်နိုင်သော်လည်း အတွင်းစိတ်တန်ဖိုးများ၊ စေ့ဆော်မှုများနှင့် အခြေအနေအလိုက် တုံ့ပြန်ပုံများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ထို့ကြောင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးကို ဆွေးနွေးရာတွင် ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်ကိုသာ အာရုံစိုက်ခြင်းမပြုဘဲ အသိပညာ၊ စိတ်ခံစားမှုထိန်းချုပ်နိုင်စွမ်း၊ တာဝန်ယူမှု၊ လူမှုဆက်ဆံရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများကိုပါ အလေးထားရန်လိုအပ်သည်။

### စိတ်ပညာနှင့် ကိုယ်ရည်ကိုယ်သွေး၏ အခြေခံသဘောတရား

စိတ်ပညာပညာရှင် Gordon Allport ၏ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အမြင်တွင် လူတစ်ဦးချင်းစီ၏ ထူးခြားမှုနှင့် အပြုအမူပုံစံများ၏ တည်ငြိမ်မှုကို အလေးထားဖော်ပြထားသည်။ သို့သော် ကိုယ်ရည်ကိုယ်သွေးသည် ပတ်ဝန်းကျင်နှင့် သီးခြားတည်ရှိနေသည့် အရာမဟုတ်ဘဲ လူတစ်ဦး၏ အတွင်းစိတ်လက္ခဏာများနှင့် ပတ်ဝန်းကျင်အကြား အပြန်အလှန်သက်ရောက်မှုများနှင့် ဆက်နွှယ်နေသည်။

ခေတ်သစ်စိတ်ပညာတွင် ကိုယ်ရည်ကိုယ်သွေးကို ရှင်းလင်းရန် သီအိုရီအမျိုးမျိုးကို အသုံးပြုကြသည်။ ထိုအနက် Big Five Model သည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးကို ပွင့်လင်းစူးစမ်းလိုစိတ် (Openness)၊ တာဝန်ယူမှုနှင့် စနစ်တကျဆောင်ရွက်မှု (Conscientiousness)၊ လူမှုဆက်ဆံရေးတက်ကြွမှု (Extraversion)၊ ပူးပေါင်းဆက်ဆံမှုနှင့် ကြင်နာမှု (Agreeableness)၊ စိတ်ခံစားမှု တည်ငြိမ်မှုနှင့် ဆက်နွှယ်သည့်လက္ခဏာများ (Emotional Stability) စသည့် အဓိကကဏ္ဍများဖြင့် လေ့လာနိုင်ရန် အထောက်အကူပြုသည်။ သို့သော် မည်သည့်မော်ဒယ်မျှ လူတစ်ဦး၏ ရှုပ်ထွေးသော ကိုယ်ရည်ကိုယ်သွေးတစ်ခုလုံးကို အပြည့်အစုံဖော်ပြနိုင်သည်ဟု မယူဆသင့်ပါ။

ကိုယ်ရည်ကိုယ်သွေး၏အဓိကလက္ခဏာများကို အောက်ပါအတိုင်း နားလည်နိုင်သည်-

**(၁) လူတစ်ဦးချင်းစီ၏ ထူးခြားမှု။** လူသားတိုင်းတွင် မိမိကိုယ်ပိုင်အတွေ့အကြုံ၊ အတွေးအခေါ်၊ စိတ်နေသဘောထားနှင့် အပြုအမူပုံစံများ ရှိကြသည်။ ထို့ကြောင့် လူငယ်တစ်ဦး၏ အရည်အချင်းကို အခြားသူတစ်ဦးနှင့် နှိုင်းယှဉ်ဆုံးဖြတ်ခြင်းထက် မိမိ၏ အားသာချက်များကို သိရှိပြီး တိုးတက်အောင် ကြိုးပမ်းနိုင်ခြင်းက ပိုမိုအရေးကြီးသည်။

**(၂) မိမိကိုယ်ကို သိမြင်ခြင်း။** မိမိ၏ အားသာချက်၊ အားနည်းချက်၊ စိတ်ခံစားမှုနှင့် အပြုအမူများကို ပြန်လည်သုံးသပ်နိုင်ခြင်းသည် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးအတွက် အခြေခံအရည်အချင်းဖြစ်သည်။ မိမိအမှားကို ဝန်ခံနိုင်ခြင်း၊ အခြားသူများထံမှ အကြံပြုချက်ကို လက်ခံနိုင်ခြင်းနှင့် မိမိ၏ အပြုအမူကို ပြုပြင်နိုင်ခြင်းတို့သည် မိမိကိုယ်ကို သိမြင်မှု၏ လက်တွေ့ပြယုဂ်များဖြစ်သည်။

**(၃) ဘက်စုံပေါင်းစပ်မှု။** ကိုယ်ရည်ကိုယ်သွေးတွင် သိမြင်မှု၊ ခံစားမှုနှင့် လုပ်ဆောင်လိုစိတ်တို့ ပါဝင်သည်။ ဥပမာအားဖြင့် စာသင်ခန်းအတွင်း ကျောင်းသားတစ်ဦးသည် သင်ခန်းစာကို နားလည်ရုံသာမက မိမိ၏ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ခြင်း၊ အဖွဲ့လိုက်လုပ်ငန်းတွင် ပူးပေါင်းပါဝင်ခြင်းနှင့် တာဝန်ယူခြင်းတို့ကိုလည်း လေ့ကျင့်ရမည်ဖြစ်သည်။

**(၄) ပြောင်းလဲတိုးတက်နိုင်မှု။** ကိုယ်ရည်ကိုယ်သွေးလက္ခဏာအချို့သည် အချိန်ကြာလာသည်နှင့်အမျှ တည်ငြိမ်မှုရှိနိုင်သော်လည်း လူသားတို့၏ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ အရည်အချင်းများသည် သင်ယူမှု၊ လေ့ကျင့်မှုနှင့် အတွေ့အကြုံများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်နိုင်သည်။ လေ့လာချက်များတွင်လည်း လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ အရည်အချင်းများသည် သင်ယူမှု အတွေ့အကြုံများမှတစ်ဆင့် တိုးတက်နိုင်ကြောင်း ဖော်ပြထားသည်။

### မိဘ၊ ပတ်ဝန်းကျင်နှင့် အတွေ့အကြုံတို့၏ အခန်းကဏ္ဍ

လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုကို မွေးရာပါဗီဇတစ်ခုတည်းဖြင့်ဖြစ်စေ၊ ပတ်ဝန်းကျင်တစ်ခုတည်းဖြင့်ဖြစ်စေ ရှင်းပြ၍ မရနိုင်ပါ။ မိသားစု၊ ကျောင်း၊ မိတ်ဆွေအပေါင်းအသင်း၊ လူမှုယဉ်ကျေးမှု၊ သင်ယူမှုအတွေ့အကြုံနှင့် ဘဝဖြစ်ရပ်များသည် လူတစ်ဦး၏ အတွေးအခေါ်နှင့် အပြုအမူပုံစံများအပေါ် အပြန်အလှန်သက်ရောက်နိုင်သည်။

မြန်မာ့လူမှုဘဝတွင် မိသားစုနှင့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လူငယ်များ၏ အကျင့်စာရိတ္တနှင့် တာဝန်ယူမှုဆိုင်ရာ အလေ့အထများ ဖွံ့ဖြိုးရေးအတွက် အရေးပါသည်။ **မိဘများက ရိုးသားမှုကို လက်တွေ့ပြသခြင်း၊ ဆရာများက တရားမျှတမှုနှင့် လေးစားမှုကို စာသင်ခန်းအတွင်း ကျင့်သုံးပြသခြင်းတို့သည်** ကလေးများနှင့် လူငယ်များအတွက် သင်ယူစရာ နမူနာကောင်းများ ဖြစ်လာနိုင်သည်။

ဥပမာအားဖြင့် ကျောင်းတစ်ကျောင်းတွင် ကျောင်းသားများအား အမှိုက်ကို စနစ်တကျစွန့်ပစ်ရန်၊ အများပိုင်ပစ္စည်းများကို ထိန်းသိမ်းရန်နှင့် အဖွဲ့လိုက်တာဝန်များကို အလှည့်ကျယူရန် လေ့ကျင့်ပေးနိုင်သည်။ ထိုလုပ်ငန်းများသည် သန့်ရှင်းရေးအတွက်သာမက တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အများအကျိုးကို ထည့်သွင်းစဉ်းစားတတ်မှုတို့ကိုပါ ဖွံ့ဖြိုးစေနိုင်သည်။

### ကိုယ်ကျင့်တရားနှင့် ကိုယ်ရည်ကိုယ်သွေး- တူညီမှုနှင့် ကွာခြားချက်

ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကျင့်တရား၊ စရိုက်လက္ခဏာတို့သည် ဆက်နွှယ်မှုရှိသော်လည်း အဓိပ္ပာယ်အရ အတိအကျတူညီသည်ဟု မဆိုနိုင်ပါ။ Personality သည် လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူဆိုင်ရာ လက္ခဏာများကို ကျယ်ပြန့်စွာ လွှမ်းခြုံဖော်ပြသည့် သဘောတရားဖြစ်ပြီး Character သည် အထူးသဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် တန်ဖိုးထားမှုဆိုင်ရာ အရည်အသွေးများကို အလေးထားဖော်ပြနိုင်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် Character နှင့် Personality ဟူသော ဝေါဟာရများကို အချို့အခြေအနေများ၌ အဓိပ္ပာယ်နီးစပ်စွာ အသုံးပြုကြသည်။

ကိုယ်ကျင့်တရားကောင်းမွန်မှုကို လူတစ်ဦး၏ စကားလုံးများဖြင့်သာ မဆုံးဖြတ်သင့်ဘဲ နေ့စဉ်လုပ်ရပ်များနှင့် ဆုံးဖြတ်ချက်များတွင် ထင်ဟပ်မှုရှိ၊ မရှိကိုလည်း သုံးသပ်သင့်သည်။ **ရိုးသားမှု၊ တာဝန်ယူမှု၊ ကတိတည်မှု၊ အခြားသူများ၏ အခွင့်အရေးကို လေးစားမှုနှင့် မိမိ၏ အမှားများအတွက် ပြန်လည်ပြုပြင်လိုစိတ်တို့သည် ကိုယ်ကျင့်တရား ဖွံ့ဖြိုးရေးတွင် အလေးထားရမည့် အချက်များဖြစ်သည်။**

အသိပညာနှင့် ကိုယ်ကျင့်တရားသည် တစ်ခုနှင့်တစ်ခု အစားထိုး၍မရဘဲ အပြန်အလှန် ဖြည့်ဆည်းပေးသည့် အရည်အချင်းများဖြစ်သည်။ **ပညာတတ်မြောက်မှုသည် ပြဿနာများကို နားလည်ဖြေရှင်းနိုင်စွမ်းကို တိုးတက်စေသကဲ့သို့ ကိုယ်ကျင့်တရားကောင်းမွန်မှုသည် ထိုအသိပညာကို တာဝန်ရှိစွာ အသုံးချနိုင်ရန် လမ်းညွှန်ပေးနိုင်သည်။**

### ခေတ်သစ်ပညာရေးတွင် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေး

ယနေ့ခေတ်ပညာရေးသည် စာမေးပွဲအောင်မြင်မှုနှင့် ပညာရပ်ဆိုင်ရာ အသိပညာများ ရရှိရေးကိုသာ အာရုံစိုက်ခြင်းမပြုဘဲ လူငယ်များ၏ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ အရည်အချင်းများကိုလည်း ဖွံ့ဖြိုးပေးရန် လိုအပ်လာသည်။ OECD ၏ Social and Emotional Skills ဆိုင်ရာ လေ့လာချက်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း၊ စူးစမ်းလိုစိတ်နှင့် တာဝန်ယူမှုတို့သည် ပညာရေးနှင့် လူမှုဘဝရလဒ်များနှင့် ဆက်နွှယ်ကြောင်း ဖော်ပြထားသည်။

ထိုအချက်များကို မြန်မာနိုင်ငံ၏ စာသင်ခန်းများတွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အောက်ပါနည်းလမ်းများကို အလေးထားစဉ်းစားသင့်သည်-

**ပထမအချက်- မိမိကိုယ်ကို ပြန်လည်သုံးသပ်သည့် အလေ့အထ**

ကျောင်းသား ကျောင်းသူများသည် နေ့စဉ်သင်ယူမှုနှင့် လူမှုဆက်ဆံရေးအတွင်း မိမိ၏ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်သင့်သည်။ "ယနေ့ မည်သည့်အရာကို သင်ယူခဲ့သနည်း၊ မည်သည့်အပြုအမူကို ပြုပြင်သင့်သနည်း" ဟူသည့် မေးခွန်းများသည် မိမိကိုယ်ကို သိမြင်မှုနှင့် တာဝန်ယူမှုကို တိုးတက်စေနိုင်သည်။

**ဒုတိယအချက် - ပူးပေါင်းဆောင်ရွက်မှုနှင့် လေးစားမှု**

အဖွဲ့လိုက်သင်ယူမှု၊ ဆွေးနွေးပွဲနှင့် ပူးပေါင်းလုပ်ငန်းများမှတစ်ဆင့် မတူညီသော အမြင်များကို နားထောင်တတ်ခြင်း၊ အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်းနှင့် တာဝန်ကို မျှဝေယူခြင်းတို့ကို လေ့ကျင့်နိုင်သည်။ ထိုသို့သော စာသင်ခန်း အတွေ့အကြုံများသည် လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်သည်။

**တတိယအချက် - ဒီဂျစ်တယ်ခေတ်တွင် တာဝန်ရှိသော အပြုအမူ**

လူငယ်များသည် လူမှုကွန်ရက်များနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုရာတွင် သတင်းအချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို စစ်ဆေးခြင်း၊ အခြားသူများ၏ ကိုယ်ရေးကိုယ်တာကို လေးစားခြင်းနှင့် စကားလုံးများ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားခြင်းတို့ကို လေ့ကျင့်သင့်သည်။

နည်းပညာအသုံးပြုမှုသည် အသိပညာရရှိရေးအတွက် အခွင့်အလမ်းများစွာ ပေးစွမ်းနိုင်သော်လည်း မိမိ၏ ဆုံးဖြတ်နိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ယူမှုတို့ကို အစားထိုးမသွားစေရန် သတိပြုရန်လိုအပ်သည်။

**စတုတ္ထအချက်- ဆရာ၊ မိဘနှင့် လူမှုအဖွဲ့အစည်း၏ ပူးပေါင်းတာဝန်**

ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးသည် လူငယ်တစ်ဦးချင်းစီ၏ တာဝန်သာမက မိသားစု၊ ကျောင်းနှင့် လူမှုအဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုနှင့်လည်း ဆက်နွှယ်သည်။ ဆရာများသည် ကျောင်းသားများအား စည်းကမ်းလိုက်နာရန် တောင်းဆိုရုံသာမက မိမိတို့ကိုယ်တိုင် တရားမျှတမှု၊ ရိုးသားမှုနှင့် လေးစားမှုတို့ကို လက်တွေ့ပြသသင့်သည်။

**ပဉ္စမအချက် - ဘဝပန်းတိုင်နှင့် တာဝန်ယူမှု**

လူငယ်များသည် မိမိတို့၏ ရေရှည်ဘဝပန်းတိုင်များကို ချမှတ်ရာတွင် ပညာရေးနှင့် အလုပ်အကိုင်အောင်မြင်မှုအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံအတွက် မည်သို့အကျိုးပြုနိုင်မည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ရည်မှန်းချက်တစ်ခုကို ချမှတ်ပြီးနောက် အစီအစဉ်တကျ

*စာမျက်နှာ ၂၄ သို့*

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂–၆–၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့ လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် –

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၂၃ မှ*

ကြိုးပမ်းခြင်း၊ အခက်အခဲများကို သင်ယူမှုအခွင့်အလမ်းအဖြစ် အသုံးချခြင်းနှင့် မိမိ၏ ဆုံးဖြတ်ချက်များအတွက် တာဝန်ယူခြင်းတို့သည် အရေးကြီးသည်။

### ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရေးအတွက် နေ့စဉ်လက်တွေ့ကျင့်စဉ်

လူငယ်များအနေဖြင့် ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကျင့်တရားကို မြှင့်တင်ရန် ကြီးမားသော လုပ်ဆောင်ချက်များကိုသာ စောင့်ဆိုင်းနေစရာမလိုပါ။ နေ့စဉ်ဘဝတွင် သေးငယ်သော အလေ့အထကောင်းများကို စနစ်တကျလေ့ကျင့်ခြင်းမှတစ်ဆင့် တဖြည်းဖြည်းတိုးတက်လာနိုင်သည်–

- ရိုးသားစွာ ပြောဆိုခြင်းနှင့် လုပ်ဆောင်ခြင်း၊
- ကတိကဝတ်များကို တတ်နိုင်သမျှတာဝန်ယူဖြည့်ဆည်းခြင်း၊
- အခြားသူများ၏ အမြင်ကို နားထောင်ပြီး လေးစားခြင်း၊
- အမှားများကို ဝန်ခံကာ ပြန်လည်ပြုပြင်ခြင်း၊
- စိတ်ခံစားမှုကို ထိန်းချုပ်ပြီး ဆုံးဖြတ်ချက်များကို စဉ်းစားချင့်ချိန်ခြင်း၊
- အများအကျိုးပြုလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ပါဝင်ခြင်း။

ထိုအလေ့အထများသည် လူငယ်များ၏ ကိုယ်ကျင့်တရားနှင့် လူမှုဆက်ဆံရေးဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးရေးအတွက် လက်တွေ့အသုံးဝင်သော လေ့ကျင့်မှုများ ဖြစ်လာနိုင်သည်။ သို့ရာတွင် လူတစ်ဦးချင်းစီ၏ နောက်ခံအခြေအနေ၊ အခွင့်အလမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း မတူညီကြသဖြင့် တစ်ဦးနှင့်တစ်ဦး လေးစားနားလည်စွာ အားပေးပံ့ပိုးရန်လည်း လိုအပ်သည်။

ကိုယ်ရည်ကိုယ်သွေးသည် လူတစ်ဦး၏ အပြင်ပန်းအသွင်အပြင်ကိုသာ ဖော်ပြသည့် အရာမဟုတ်ဘဲ အတွေးအခေါ်၊ ခံစားချက်၊ အပြုအမူ၊ တန်ဖိုးထားမှုနှင့် လူမှုဘဝအတွင်း လိုက်လျောညီထွေစွာ ရပ်တည်ဆောင်ရွက်ပုံတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ဘဝဆိုင်ရာ အရေးပါသော အရည်အသွေးတစ်ရပ်ဖြစ်သည်။ စိတ်ပညာနှင့် ပညာရေး လေ့လာချက်များက ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုရေး၊ စိတ်ခံစားမှုဆိုင်ရာ အရည်အချင်းများသည် လူသားတို့၏သင်ယူမှုနှင့် ဘဝဖွံ့ဖြိုးရေးအတွက် အရေးပါကြောင်း မီးမောင်းထိုးပြထားသည်။

ထို့ကြောင့် ယနေ့ခေတ်လူငယ်များအနေဖြင့် အသိပညာနှင့် အတတ်ပညာများကို ရှာဖွေဆည်းပူးရာတွင် ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ လေးစားမှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းတို့ကိုလည်း တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသင့်သည်။ မိမိ၏ အမှားများကို သင်ယူမှုအဖြစ် ပြောင်းလဲနိုင်ခြင်း၊ အခြားသူများကို နားလည်လေးစားနိုင်ခြင်းနှင့် အများအကျိုးကို ထည့်သွင်းစဉ်းစား၍ ဆုံးဖြတ်နိုင်ခြင်းတို့သည် လူငယ်တစ်ဦး၏ ကိုယ်ရည်ကိုယ်သွေးကို ပိုမိုခိုင်မာစေမည့် အခြေခံ အရည်အသွေးများဖြစ်သည်။

အသိပညာသည် ဘဝလမ်းကို ဖွင့်ပေးနိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်မှုသည် ထိုလမ်းကို တာဝန်ရှိစွာ လျှောက်လှမ်းနိုင်ရန် လမ်းညွှန်ပေးနိုင်သည်။ ထို့ကြောင့် မိသားစု၊ ကျောင်းနှင့် လူမှုအဖွဲ့အစည်းတို့က ပူးပေါင်း၍ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စရိုက်လက္ခဏာကောင်းမွန်ရေးကို အစဉ်တစိုက်အားပေးမြှင့်တင်ကြပါစို့။

**ကိုးကားအချက်အလက်များ**


- American Psychological Association. (2024). Personality. APA — Personality
- American Psychological Association.(n.d.). APA Dictionary of Psychology: Personality Psychology. APA Dictionary — Personality Psychology
- OECD. (2025). Skills that Matter for Success and Well–being in Adulthood. OECD — Social and Emotional Skills
- OECD. (n.d.). Social and Emotional Skills. OECD — Social and Emotional Skills
- American Psychological Association. (n.d.). Pre–K to 12 Teaching Principle: Social–Emotional Learning. APA — Social–Emotional Learning

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် အောက်တိုဘာ ၄**

ယနေ့ မွန်းတည့် ၁၂ နာရီ ၂၅ မိနစ် ၀၉ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်ဘက် ၉၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မတူပီမြို့၏ တောင်ဘက် ၂၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ




ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို (လုပ်ငန်းတစ်ရပ်လုံး တင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသား လုပ်ငန်းအတွေ့အကြုံရှိသော လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံ ရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၆ - ၁၀ - ၂၀၂၆ ရက် မှ ၁၉- ၁၀- ၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါအာမခံကြေး ပေးသွင်းထားသည့် PO Cheque မူရင်း တင်သွင်းရမည့် နောက်ဆုံးရက်** - ၁၉- ၁၀ -၂၀၂၆ ရက် (တနင်္လာနေ့) (၃:၀၀) နာရီအထိ

**တင်ဒါအာမခံကြေး ပေးသွင်းထားသည့် PO Cheque မူရင်း တင်သွင်းရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ်

**လုပ်ငန်းသုံးပစ္စည်း တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - (၂၀ - ၁၀ -၂၀၂၆ ရက်) (၁၀:၀၀)နာရီ

**လုပ်ငန်းတစ်ရပ်လုံး တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** - (၂၀ - ၁၀ -၂၀၂၆ ရက်) (၁၃:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၉-၆၉၄၃၆၆၉၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သရက်ခရိုင်၊ သရက်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ သရက်မြို့၏ (၂၀၂၆ - ၂၀၂၇)ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အောင်လံခရိုင်အတွင်းရှိ အောင်လံမြို့နယ်တွင် ဆောင်ရွက်မည့် ဘွက်ကြီးရေလှောင်တမံ D/S ပေတိုင် ၆၀၀' မှ ၁၉၀၀' အတွင်း ပြုပြင်ခြင်းလုပ်ငန်းတွင် လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်း (မြေကြီးကျင်းလုပ်ငန်း တူး၊ တင်၊ သယ်) (၁)ခု၊ ပစ္စည်းဝယ်ယူခြင်း လုပ်ငန်း (၃) ခု တို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်/ကုမ္ပဏီများအား (မြန်မာငွေကျပ်) ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၆-၁၀-၂၀၂၆) ရက် မှ(၁၅-၁၀-၂၀၂၆) ရက်ထိ

**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - (၁၉-၁၀-၂၀၂၆) ရက်၊ ညနေ(၄:၃၀)နာရီထိ (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့် တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်မြို့

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** - ဒေ့ဂ်ရိပ်သာ၊ မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ထိန်းသိမ်းရေး)ရုံး၊ တောင်တွင်းလမ်းနှင့် မြို့ပတ်လမ်းထောင့်၊ အောင်မင်္ဂလာရပ်ကွက်၊ မကွေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သရက်မြို့တွင်လည်းကောင်း၊ ဖုန်း-၀၉-၄၀၁၆၁၃၉၈၆၆၊ ၀၉-၄၂၈၁၂၈၀၈၈ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ရေချွေတာရေး နည်းလမ်းများ

- ❑ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❑ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❑ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❑ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ❑ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)32/MR(ML/ISN) | စက်ခေါင်းအရန်ပစ္စည်း (၁၁၁) မျိုးဝယ်ယူရန် |
| ၂ | 12(T)33/MR(ML/ISN) | စက်ခေါင်းအရန်ပစ္စည်း (၂၁) မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၉.၁၀.၂၀၂၆) နေ့လည်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၅.၁၀.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 294352, 291994, 291985

## အလုပ်သမားဝန်ကြီးဌာန
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်မည့် အမှတ်(၁၄၄)၊ (၈၃)လမ်း၊ (၃၃ x ၃၄) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးတိုင်းဒေသကြီးရုံး RC (၂) ထပ် ၅၄ ပေ x ပေ ၃၀ x ၂၃ ပေ ရုံးသစ်ဆောက်လုပ်ခြင်း(ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) လုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၅-၁၀-၂၀၂၆ ရက်မှ ၁၈-၁၀-၂၀၂၆ ရက် အထိ (ရုံးချိန်အတွင်း)

**တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၉-၁၀ -၂၀၂၆ ရက် (တနင်္လာနေ့) (မွန်းလွဲ ၁၅:၀၀နာရီ)

**တင်ဒါလျှောက်လွှာပုံစံ ရောင်းချတင်သွင်း ရမည့်နေရာ** - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ်(၅၁)၊ နေပြည်တော်

အသေးစိတ်သိရှိလိုပါက ဖုန်း(၀၆၇-၄၃၀၂၇၀/၀၆၇-၄၃၀၀၈၉) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၂/ ၂၀၂၆- ၂၀၂၇

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရန်ကုန်တိုင်း)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန်** - (၈-၁၀-၂၀၂၆) ရက်မှ (၁၉-၁၀-၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်

**တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန်** - ထပ်မံကြေညာပါမည်။

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
ဖုန်း- ၀၁-၃၆၄၀၉၁၈၊ ၀၉-၄၂၈၁၂၆၉၉၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/47561, Shayan -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ် ၉/ခအဇ(နိုင်) ၀၀၈၅၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/7986, Forland, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင်ဦး ၁/ဗမန(နိုင်) ၀၄၃၂၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက၊ ရွာသစ် Grade-6 မှ မခိုင်သဇင်နှင့် Grade-10 မှ မောင်ကောင်းမြတ်သူ တို့၏ ဖခင်အမည်မှန်မှာ ဦးချင်း (၉/ဝတန(နိုင်)၁၄၅၈၈၂) ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ကျွန်တော် ဦးအောင်ဇော်မြင့် (၉/မဟမ(နိုင်)၀၅၁၈၀၁)၏ ဖခင်အမည်မှာ ဦးစန်းတင်နှင့် ဦးဆန်းတင့် ဟု အမည်နှစ်မျိုး ကွဲလွဲဖော်ပြထားသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က (ခွဲ)သိမ်ကုန်း Grade-1 မှ စောအော်စတင်၏ ဖခင်အမည်မှန်မှာ ဦးလားပွဲ ၁၄/ညတန(နိုင်)၁၆၉၇၅၂ ဖြစ်ပါကြောင်း။

**ဦးလားပွဲ**
**၁၄/ညတန(နိုင်)၁၆၉၇၅၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1W/32357 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟထွန်း ၉/မဟမ (နိုင်) ၀၂၄၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/6210 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်းအတွင်း (၁၃၀ x ၃၀ x ၂၄)ပေ RCC ၂ ထပ် ပစ္စည်းသိုလှောင်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၀-၂၀၂၆ ရက်နေ့တွင် စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၂၀-၁၀-၂၀၂၆ ရက်နေ့၊ ညနေ(၁၆၃၀)နာရီအချိန် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ဖုန်းနံပါတ်၊ ၀၆၇-၄၀၉၄၀၀ ၊ ၀၆၇-၄၀၉၁၈၆)၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.mm)တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် တံတားများတွင် အသုံးပြုရန်အတွက် ASTM A615-Grade 60 သံချောင်းလုံး အရှည်စုံများ ၊ ASTM A706-Grade 60 သံချောင်းလုံး အရှည်စုံများ၊ P.C Wire ၊ P.C Accessories ၊ Elastomeric Bearing (PC Type, RC Type) နှင့် High Damping Rubber Bearing တို့အား ရန်ကုန်မြို့ရှိ တံတားဦးစီးဌာန၊ တံတားလေးသိုလှောင်ဝန်းနှင့် ပျဉ်းမပင်စတို (နွယ်ခွေ) သိုလှောင်ဝန်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်** - (၇-၁၀-၂၀၂၆) ရက် (ရုံးချိန် အတွင်း)

၃။ **တင်ဒါပုံစံ အရောင်း ပိတ်သိမ်းမည့်ရက်** - (၁၆-၁၀-၂၀၂၆) ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ရုံးအမှတ်(၁၁) ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးဝန်း၊ တံတားဦးစီးဌာန၊ ရန်ကုန်။

၅။ **တင်ဒါဖွင့်မည့်ရက်** - တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၂၄၅၀၀၉၂၊ ၀၉-၉၅၅၁၀၈၅၀၀၊ ၀၉-၄၄၈၅၄၅၃၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊**
**ရုံးအမှတ် (၁၁)၊ နေပြည်တော်**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၂/ ၂၀၂၆- ၂၀၂၇

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရန်ကုန်တိုင်း)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့် ရက်/အချိန်/နေရာ** - (၈-၁၀-၂၀၂၆) ရက်မှ (၁၉-၁၀-၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်

**တင်ဒါလျှောက်လွှာ တင်သွင်းရမည့် ရက်/အချိန်/နေရာ** - (၁၄-၁၀-၂၀၂၆) ရက်မှ (၂၀-၁၀-၂၀၂၆) ရက်အထိ (ရုံးချိန်အတွင်း)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်

**တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်။

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
ဖုန်း- ၀၁-၃၆၄၀၉၁၈၊ ၀၉-၄၂၈၁၂၆၉၉၂

# မြန်မာ့အားကစား “ရွှေ”ခေတ်ပြန်ရောက်ပြီ

# အထူးကျေးဇူးတင်ဂုဏ်ပြုလွှာ

MYANMAR ELECTRONIC SPORTS FEDERATION

**20th ASIAN GAMES 2026, AICHI NAGOYA, JAPAN**

**၂၀ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ**

(၁-၁၀-၂၀၂၆) ရက်နေ့တွင် ကျင်းပသည့် MLBB ESPORTS GRAND FINAL ပြိုင်ပွဲတွင်
မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် TEAM ZANAKA MLBB ESPORTS
အသင်းသည် အင်ဒိုနီးရှားလက်ရွေးစင်အသင်းအား ပြိုင်ပွဲငယ်(၄-၀)ဖြင့် အပြတ်အသတ်
အနိုင်ရရှိပြီး

## “မြန်မာ့ဂုဏ်ဆောင်”

## အာရှချန်ပီယံရွှေတံဆိပ်ဆု

ဆွတ်ခူးရရှိခဲ့ပါသည်

မြန်မာ့ Esports အားကစား ယခုကဲ့သို့အချိန်တိုအတွင်း တိုးတက်အောင်မြင်ပြီး
“၂၀၂၅ တွင် PUBG ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆု”နှင့်
ယခု၂၀၂၆တွင် “MLBB အာရှချန်ပီယံရွှေတံဆိပ်ဆု”များ ထိုက်တန်စွာဆွတ်ခူးရရှိပြီး
“မြန်မာ့အားကစား “ရွှေ”ခေတ်ပြန်ရောက်အောင်မြင်စေရန်”
MESF စတင် ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ချုပ်နှင့် မြန်မာ့ Esports အားကစားလူငယ်များ အပေါ်
ယုံကြည်မှုမြင့်မားစွာမားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်ဦးဆောင်မှုပေးပြီး
ယခု “အာရှချန်ပီယံ ရွှေတံဆိပ်” ရရှိသည်ထိ မြန်မာ့ Esports အားကစားကဏ္ဍ၊ တက္ကသိုလ်
Esports အပါအဝင် လူငယ်များတိုးတက်ရေးအတွက် ကျပ်ငွေ(၈)ဘီလီယံကျော်
မတည်ထောက်ပံ့လှူဒါန်းစောင့်ရှောက် ဦးဆောင်မှုပေးလျက်ရှိပါသော

KBZ BANK KBZ Pay KBZ GROUP

**KBZ Bank, KBZ Group တည်ထောင်သူ**

**MESF Founder နှင့် ဦးဆောင်နာယကကြီး ဦးအောင်ကိုဝင်း**

**KBZPay တည်ထောင်သူ MESF Founderနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းလိုင်းခမ်း**

**KBZPay တည်ထောင်သူ MESF Founderနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းခမ်းနောင့်**

တို့အား

မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့်
အလုပ်အမှုဆောင်များ၊ အားကစားလူငယ်အားလုံးနှင့် အားပေးသူအားလုံးမှ
အထူးကျေးဇူးတင်လျက် ဂါရဝပြုဂုဏ်ပြုအပ်ပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး) သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂၇-ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) (ဆေးဘက်ဆိုင်ရာဓာတ်မှန် နှင့်ပုံရိပ်ဖော်နည်းပညာ) ပေါင်းကူးသင်တန်းများဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သိပ္ပံဘာသာတွဲဖြင့် အနိမ့်ဆုံးအခြေခံပညာ အထက်တန်း (က) အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- (ဂ) ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)၊ (ဓာတ်မှန်) သင်တန်း အောင်မြင်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အားလုံးတွင် ဆေးဘက်ကျွမ်းကျင်(၃)(ဓာတ်ခွဲ)၊ (ဓာတ်မှန်) ရာထူးဖြင့် အနည်းဆုံး လုပ်သက်(၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- (ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၄၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (င) သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ (ရေးဖြေ/နှုတ်ဖြေ) ဖြေဆိုအောင်မြင်ရမည်။
- (စ) သင်တန်းတက်ရောက် အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ(၄-၁၁-၂၀၂၆) ရက်(ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး သို့ လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာ မိတ္တူ(၁)စောင်ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးသို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

**မှတ်ချက်**။ ။ (၁) သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီးပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသော လျှောက်လွှာများ၊ သက်ဆိုင်ရာဌာန အကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ **လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များ**

- (က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဝန်ထမ်းစိစစ်ရေးကတ်မိတ္တူ နှင့် ဝန်ထမ်းကိုယ်ရေး မှတ်တမ်းမိတ္တူမှန်
- (ဂ) သိပ္ပံဘာသာတွဲဖြင့် အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က) အဆင့် အောင်လက်မှတ် မိတ္တူမှန်
- (ဃ) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်းသက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာ(မူရင်း)
- (င) ဝင်ခွင့်စာမေးပွဲကြေး ကျပ်(၁၀၀၀/-)ပေးသွင်းထားသည့် ချလန်မူရင်း
- (စ) (၆)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံကို လျှောက်လွှာတွင်ကပ်ပြီး အပို(၂)ပုံ၏ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေ စာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၃-၁၂-၂၀၂၆)ရက် (ကြာသပတေးနေ့) တွင် စစ်ဆေးပါမည်။

၆။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာ သင်တန်းဝင်ခွင့်စာမေးပွဲကြေး-၁၀၀၀/ (ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၃၀၁၇ သို့ ပေးသွင်းရမည်။

**မှတ်ချက်**။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်-မန္တလေး ငွေစာရင်းအမှတ်၊ MD -၀၁၃၀၁၇သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး (ဖုန်း- ၀၉-၂၀၁၇၆၈၄၊ ၀၉-၉၇၀၉၃၅၅၀၂)တို့ သို့ (ရုံးချိန်အတွင်း) စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/4097 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/81866, Yunde-110, MC ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၉/သပက(နိုင်) ၀၅၃၉၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/27403, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းလှိုင် ၉/အမရ(နိုင်) ၀၉၀၉၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၂၇ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ၊ ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) (ပေါင်းကူး)သင်တန်းများဝင်ခွင့်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**

- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (၂) သိပ္ပံဘာသာတွဲဖြင့် အနိမ့်ဆုံးအခြေခံပညာအထက်တန်း (က)အဆင့်ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- (၃) ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)/(ဓာတ်မှန်) သင်တန်း အောင်မြင်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံးတွင် ဆေးဘက်ကျွမ်းကျင်(၃) (ဓာတ်ခွဲ)၊ (ဓာတ်မှန်) ရာထူးဖြင့် အနည်းဆုံး လုပ်သက် (၅)နှစ် တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။
- (၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (၅) သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲ (ရေးဖြေ/နှုတ်ဖြေ) ဖြေဆို အောင်မြင်ရမည်။
- (၆) သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၃) နှစ် ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာပိတ်ရက်မှာ ၄-၁၁-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များကိုပြည့်စုံစွာဖြည့်စွက်၍ သက်ဆိုင်ရာဌာနဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးမှတစ်ဆင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင် လျှောက်လွှာ မိတ္တူ(၁)စောင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်သို့ မပျက်မကွက် ပေးပို့ လျှောက်ထားရမည်။

**မှတ်ချက်**။ (၁) သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီး ပေးပို့သောလျှောက်လွှာများ၊ သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ၊ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ **လျှောက်လွှာနှင့်အတူပေးပို့ရမည့်အချက်များ-**

- (က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဝန်ထမ်းစိစစ်ရေးကတ်မိတ္တူနှင့် ဝန်ထမ်းကိုယ်ရေးမှတ်တမ်း မိတ္တူမှန်
- (ဂ) သိပ္ပံဘာသာတွဲဖြင့်အနိမ့်ဆုံး အခြေခံပညာအထက်တန်း (က)အဆင့် အောင်လက်မှတ် မိတ္တူမှန်
- (ဃ) လက်ရှိ တာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံစာမူရင်း
- (င) ဝင်ခွင့်စာမေးပွဲကြေး ကျပ်(၁၀၀၀)ပေးသွင်းထားသည့် ချလန်မူရင်း
